
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန် ခံချက်များ စိစစ်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း | ၄ |
| ၇ | (က) ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားတင်ပြခဲ့သည့် လမ်းတံတား တည်ဆောက်ရေး လုပ်ငန်းများသည် နိုင်ငံတော်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးလျာထားချက်တွင် ပါဝင်ခြင်းမရှိပါသဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာရေးလျာထားချက် ပိုလျှံရန်ပုံငွေ သို့မဟုတ် ဖြည့်စွက်ရန်ပုံငွေမှ ဖြစ်စေ၊ တိုင်းဒေသကြီး ရန်ပုံငွေမှဖြစ်စေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၈ | (ခ) မိုးမိတ်မြို့နယ်၊ ကင်းချောင်းရွာတံတားအမှတ် (၅/၂၄) ထိန်းသိမ်းရေး နှင့် သစ်ဆိမ့်ကုန်းရွာ၊ ပေကုန်းရွာ၊ နဘူးရွာများမှ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ကင်းချောင်းတံတား အောက်ဘက်ရှိ ကင်းချောင်းအား ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ဘက်ဟိုးဖြင့် သဲ၊ နုန်းဆက်ယူရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၉ | (ဂ) လှည်းကူးမြို့နယ်မှ လက်ပံလျှပ်စစ်မြစ်ရေတင် စီမံကိန်း (အပိုင်း ၂၊ ကင်မွန်းချုံ) ကို ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၀ |
| ၁၀ | (ဃ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေ ဖြင့် တာဝန်ယူတည်ဆောက်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လုပ်ငန်းဖြစ်သည့် ဆိုလာမီးလင်းရေးကို စာချုပ်ပါ | ၂၃ |

|  |  |  |
|---|---|---|
|  | စည်းမျဉ်းစမ်းကမ်းနှင့် အာမခံတို့ ဖောက်ဖျက်မှုပြုသော ကုမ္ပဏီကို အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း |  |
| ၁၁ | (င) ကြို့ပင်ကောက်-အလယ်ကုန်း-ကျစွာ ရန်အောင်မြင် ဘုရားလမ်းမကြီးအား ပြန်လည်ပြုပြင်ပေးရန်နှင့် ၄င်းလမ်းမကြီးနှင့် ပတ်သက်၍ အလုံးစုံစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၉ |
| ၁၂ | ဦးသိန်းထွန်း (သာပေါင်းမဲဆန္ဒနယ်) ကတင်သွင်းသည့် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၄ |
| ၁၃ | ဦးသိန်းထွန်း (သာပေါင်းမဲဆန္ဒနယ်) ကတင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၄၃ |
| ၁၄ | တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း | ၄၈ |
| ၁၅ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၇၆ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၇၇ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

## [ ၂၂–၅–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း၊

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၇။ ကြိုယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားတင်ပြခဲ့သည့် လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးလျာထားချက်တွင် ပါဝင်ခြင်း မရှိပါသဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာရေးလျာထားချက် ပိုလျှံရန်ပုံငွေ သို့မဟုတ် ဖြည့်စွက်ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး ရန်ပုံငွေမှ ဖြစ်စေ ခွဲဝေချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ **မိုးမိတ်မြို့နယ်၊ ကင်းချောင်းရွာ တံတားအမှတ် (၅/၂၄)ထိန်းသိမ်းရေးနှင့် သစ်ဆိမ့်ကုန်းရွာ၊ ပေကုန်းရွာ၊ နဘူးရွာများမှ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ကင်းချောင်းတံတား အောက်ဘက်ရှိ ကင်းချောင်းအား ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် ဘက်ဟိုးဖြင့် သဲ၊ နုန်း ဆယ်ယူရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၏ **လှည်းကူးမြို့နယ်မှ လက်ပံလှုပ်စစ်ရေတင်စီမံကိန်း (အပိုင်း-၂၊ ကင်မွန်းချုံ)ကို ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လုပ်ငန်းဖြစ်သည့် ဆိုလာမီးလင်းရေးကို စာချုပ်ပါ စည်းမျဉ်းစည်းကမ်းနှင့် အာမခံတို့ ဖောက်ဖျက်မှုပြုသော ကုမ္ပဏီကို အရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်-အလယ်ကုန်း-ကျစွာ ရန်အောင်မြင်ဘုရား လမ်းမကြီးအား ပြန်လည် ပြုပြင်ပေးရန်နှင့် ၎င်းလမ်းမကြီးနှင့် ပတ်သက်၍ အလုံးစုံ စစ်ဆေးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၈။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှင်းလင်းဆွေးနွေးခြင်း၊**

၉။ ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်က တင်သွင်းသည့် **"ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ်(၈၀)ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ**

**စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဂ) ဗိုလ်မှူးနေဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက **"တူးမြောင်း ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၂။ **"တူးမြောင်း ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် **"တူးမြောင်း ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း လိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## တတိယနေ့မှတ်တမ်း

### ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
### (၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်)
### (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၁၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၂၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၂ ရက်၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၃) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၄) ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊

(၅) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၃ ရက်၊

(၆) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၅ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၅ ရက်၊

(၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၉) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၃ ရက်၊

(၁၀) ဟသ်ၤာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၁၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၁၂) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၅ ရက်၊

(၁၃) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၁၄) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၁၅) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၅ ရက်၊

(၁၆) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်နှင့်

(၁၇) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်တို့ပဲဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်

ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဖုံးတိန့်(အတွင်းရေးမှူး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ တာဝန်ပေးချက်အရ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကော်မတီအတွင်းရေးမှူး ကျွန်တော်ဦးဖုံးတိန့်မှ ကိုယ်စားလှယ်များထံမှာ ဖြန့်ဝေထား ပြီး ကော်မတီ၏ အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်၊ ဒုတိယပုံမှန်နှင့် တတိယပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်း ခဲ့သည့်အဆိုများအား သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပြန်လည်ဖြေကြား သည့်အပေါ် ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ ၊ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား လွှတ်တော်တွင် ဖြေကြားသော မေးခွန်းများ၊ အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များအပေါ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ မည်သည့်အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုရှိ/မရှိတို့ကိုလည်းကောင်း သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဆွေးနွေးစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည် ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်၊ ဒုတိယပုံမှန်နှင့် တတိယပုံမှန်အစည်းအဝေးများ တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့် အဆိုများ အနက်မှ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက အာမခံချက်များ၊ ကတိများနှင့် တာဝန်ယူခဲ့သည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရန် ဖြစ်ပါသည်။

**ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

၃။ ကော်မတီအနေဖြင့် ပုံမှန်အစည်းအဝေးတစ်ခုပြီးတိုင်း အစည်းအဝေးတွင် မေးမြန်း ဖြေကြားခဲ့သည့် မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် နောက်တစ်ကြိမ် ပုံမှန်အစည်းအဝေးမစတင်မီအချိန်တွင် ဆွေးနွေးစိစစ်မှုများပြုလုပ်ခဲ့ပါသည်။ ပထမပုံမှန်အစည်းအဝေးကို ၁-၂-၂၀၁၆ ရက်နေ့မှ ၁၀-၆-၂၀၁၆ ရက်နေ့အထိ (၄၃)ရက် ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၇)ကြိမ်ပြုလုပ်ခဲ့ပါသည်။ ပထမပုံမှန်အစည်းအဝေးတွင် အဆို(၁၀)ခုတင်ခဲ့ရာ အဆို(၆)ခုကို အတည်ပြုပြီး ကျန်(၄)ခုကို မှတ်တမ်းတင်ခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း (၈၃)ခုတွင် ကတိဖြစ်ခဲ့သော မေးခွန်း(၂၇)ခု၊ ကတိမဖြစ်ခဲ့သော မေးခွန်း(၃၄)ခုနှင့် ရှင်းလင်းချက် (၂၂)ခုတို့ပါဝင်ပါသည်။ ဖော်ပြပါ ကတိဖြစ်ခဲ့သောမေးခွန်းများထဲမှ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်း (၇)ခုနှင့် ဆောင်ရွက်နေဆဲလုပ်ငန်း(၂၀)ခုတို့ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကြယ်ပွင့်မပြမေးခွန်း စုစုပေါင်း(၂၆၇)ခုတွင် ကတိဖြစ်ခဲ့သောမေးခွန်း(၈၂)ခု၊ ကတိမဖြစ်ခဲ့သောမေးခွန်း(၁၁၈)ခုနှင့် ရှင်းလင်းချက်(၆၇)ခုတို့ ပါဝင်ပါသည်။ ဖော်ပြပါ ကတိဖြစ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများထဲမှ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်း(၂၅)ခုနှင့် ဆောင်ရွက်နေဆဲလုပ်ငန်း (၅၇)ခုတို့ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ (နောက်ဆက်တွဲ(ခ၊ဂ၊ဃ)DVDဖြင့် ဖော်ပြထားပါသည်။)

၄။ ဒုတိယပုံမှန်အစည်းအဝေးကို ၂၅-၇-၂၀၁၆ ရက်နေ့မှ ၇-၁၀-၂၀၁၆ ရက်နေ့အထိ (၄၇)ရက် ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၈)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ဒုတိယပုံမှန်အစည်းအဝေးတွင် အဆို(၁၃)ခုတင်ခဲ့ရာ အဆို(၄)ခုကို အတည်ပြုပြီးကျန်(၉)ခုကို မှတ်တမ်းတင်ခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း (၂၂၅)ခုတွင် ကတိဖြစ်ခဲ့သောမေးခွန်း(၅၁)ခု၊ ကတိမဖြစ်ခဲ့သော မေးခွန်း(၁၆၀)ခုနှင့်ရှင်းလင်းချက် (၁၄)ခုတို့ပါဝင်ပါသည်။ ဖော်ပြပါ ကတိဖြစ်ခဲ့သော မေးခွန်းများထဲမှ ဆောင်ရွက်ပြီးစီးသွားသည့် လုပ်ငန်း(၁၀)ခုနှင့် ဆောင်ရွက်နေဆဲလုပ်ငန်း(၄၁)ခုတို့ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကြယ်ပွင့်မပြမေးခွန်းစုစုပေါင်း (၅၁၅)ခုတွင် ကတိဖြစ်ခဲ့သောမေးခွန်း (၁၄၃)ခု၊ ကတိမဖြစ်ခဲ့သောမေးခွန်း (၂၁၈)ခုနှင့် ရှင်းလင်းချက်(၁၅၄)ခုတို့ ပါဝင်ပါ

**မူကြမ်း**

သည်။ ဖော်ပြပါကတိဖြစ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများထဲမှ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်း (၂၉)ခုနှင့် ဆောင်ရွက်နေဆဲလုပ်ငန်း(၁၁၄)ခုတို့ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ **(နောက်ဆက်တွဲ (င၊စ၊ဆ)DVDဖြင့် ဖော်ပြထားပါသည်။)**

၅။ တတိယပုံမှန်အစည်းအဝေးကို ၁၆-၁၁-၂၀၁၆ ရက်နေ့မှ ၂၁-၁၂-၂၀၁၆ ရက်နေ့အထိ (၁၉)ရက်ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို(၇)ကြိမ် ပြုလုပ်ခဲ့ပါသည်။ တတိယပုံမှန် အစည်းအဝေးတွင် အဆို(၆)ခု တင်ခဲ့ရာအဆို (၄)မှာ မှတ်တမ်းတင်စောင့်ကြည့်ရန်ဖြစ်ပြီး ကျန်အဆို (၂)ခုမှာမှတ်တမ်းတင်ခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း(၁၁၇)ခုတွင် ကတိဖြစ်ခဲ့သောမေးခွန်း (၄၇)ခု၊ ကတိမဖြစ်ခဲ့သောမေးခွန်း (၆၉)ခုနှင့် ရှင်းလင်းချက်(၁)ခုတို့ ပါဝင်ပါသည်။ ဖော်ပြပါ ကတိဖြစ်ခဲ့သောမေးခွန်းများထဲမှ ဆောင်ရွက်ပြီးစီးသွားသည့် လုပ်ငန်း(၅)ခုနှင့် ဆောင်ရွက်နေဆဲလုပ်ငန်း(၄၂)ခု တို့ဖြင့် အကောင်အထည်ဖော် လုပ်ဆောင်နေကြောင်းစိစစ်တွေ့ရှိရပါသည်။ ကြယ်ပွင့်မပြမေးခွန်း စုစုပေါင်း(၁၉၄)ခုတွင် ကတိဖြစ်ခဲ့သော မေးခွန်း(၅၂)ခု၊ ကတိမဖြစ်ခဲ့သောမေးခွန်း(၆၆)ခုနှင့် ရှင်းလင်းချက်(၇၆)ခုတို့ပါဝင်ပါသည်။ ဖော်ပြပါ ကတိဖြစ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများထဲမှ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်း(၁၃)ခုနှင့် ဆောင်ရွက်နေဆဲလုပ်ငန်း(၃၉)ခုတို့ဖြင့် အကောင်အထည် ဖော်လုပ်ဆောင်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ **(နောက်ဆက်တွဲ (ဇ၊ဈ၊ည) DVDဖြင့် ဖော်ပြထားပါ သည်။)**

၆။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ကတိ ဖြစ်ပြီးသော လုပ်ငန်းများအပေါ် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား သိရှိနိုင်ရန် ပထမပုံမှန်အစည်းအဝေးတွင်လည်းကောင်း၊ ဒုတိယပုံမှန်အစည်းအဝေးတွင်လည်းကောင်း၊ တတိယပုံမှန်အစည်းအဝေးတွင်လည်းကောင်း ကော်မတီ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ ယခု ကျင်းပနေသောဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ တင်သွင်းနိုင်ရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ ကတိများအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးထားမှု အခြေအနေအား သိရှိနိုင်ရန် ကော်မတီအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ (၂၀)ရက်မှ (၂၈)ရက်အတွင်း အစည်းအဝေး(၄)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**မူကြမ်း**

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်၊ ဒုတိယပုံမှန်နှင့် တတိယပုံမှန်အစည်းအဝေးများတွင် တင်သွင်းသည့်အဆိုများနှင့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများကို နေ့စဉ်မှတ်တမ်းတင်စိစစ်ပြီး မေးခွန်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့၊ အဆိုနှင့်ပတ်သက်သည့် အချက်အလက်များစိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းလက်ကျန် စိစစ်ရေးအဖွဲ့တို့မှ ဤအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိပါသည်။ **(နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါသည်။)**

## ကော်မတီ၏ သုံးသပ်တွေ့ရှိချက်

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို (၁၀)ခုအနက် အတည်ပြုခဲ့သည့် အဆို(၆)ခုတွင် ၂၅-၂-၂၀၁၆ ရက်နေ့ကဒေါ်ခင်စန်းလှိုင် (ပုလဲမဲဆန္ဒနယ်)တင်သွင်းသည့်အဆို(၁)ခုကိုသာ ဝန်ကြီးဌာနအားလုံးနှင့် သက်ဆိုင်နေသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လွှဲပြောင်းပေးခဲ့ရသည်မှအပ ကျန်အဆိုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ဒုတိယပုံမှန်အစည်းအဝေးအတွင်း တင်သွင်းအတည်ပြုနိုင်ခဲ့သော အဆို(၄)ခုနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့ကသာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အဖွဲ့အစည်း(၂)ခုအနေဖြင့် ဆက်လက်ဆောင်ရွက်လုပ်ကိုင်ရမည့် လုပ်ငန်းကျယ်ပြန့်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရန် အခက်အခဲရှိခြင်းနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် ဆက်လက်စောင့်ကြည့်သွားရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါသည်။ တတိယပုံမှန်အစည်းအဝေးတွင် ဆွေးနွေးသော အဆိုများမှာ မှတ်တမ်းတင်စောင့်ကြည့်နှင့် မှတ်တမ်းတင်ထားရှိသည့် အဆိုများသာ ဖြစ်ပါသည်။

၉။ လွှတ်တော်တွင် မေးမြန်းသည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများကိုဝန်ကြီးဌာနအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ဖြေကြားချက်များသည် ကတိဖြစ်ပြီးပါမှ သက်ဆိုင်ရာ နယ်မြေအခြေအနေအရသော်လည်းကောင်း၊ ဘတ်ဂျက်လျာထားချက်အရသော်လည်းကောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်ခဲသည်ဟုယူဆကာ ကတိအဖြစ်မှ ပယ်ဖျက်မည်ဆိုပါက အကျိုးအကြောင်း ညီညွတ်သော်လည်း လုပ်ငန်းလျာထားချက်ထားရှိပြီးကာမှ ရရှိမည့်အကျိုးအမြတ်နှင့်

မကိုက်ညီ၍ဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်သည့်အဖြစ်မျိုးကို မပြုလုပ်သင့်ကြောင်း သုံးသပ်တွေ့ရှိပါသည်။ ထို့အတူ လျာထားချက် သတ်မှတ်ထားရှိလျှင်လည်း ကတိပြုထားသည့် ဘဏ္ဍာနှစ်အစီအမံတွင် ကတိအတိုင်း သေချာပါဝင်အောင် ထည့်သွင်းသတ်မှတ်ပေးစေလိုပါသည်။

၁၀။ လွှတ်တော်တွင် ကတိဖြစ်ခဲ့သည့် မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများမှ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေကိုသုံးသပ်ပါက-

(က) လုပ်ငန်းများရာခိုင်နှုန်းပြည့် ပြီးစီးသွားသည့် အခြေအနေ၊

(ခ) လုပ်ငန်းများရာခိုင်နှုန်းပြည့် ပြီးစီးရန် ဆောင်ရွက်နေဆဲအခြေအနေ၊

(ဂ) ဘတ်ဂျက်ရရှိပြီးလုပ်ငန်းအကောင်အထည်ဖော်ရန်စတင်နေဆဲအခြေအနေ၊

(ဃ) လုပ်ငန်းအတွက် ဘတ်ဂျက်တောင်းခံထားဆဲအခြေအနေဟူ၍ သုံးသပ်တွေ့ရှိရပါသည်။

**ကော်မတီ၏ အကြံပြုချက်များ**

၁၁။ လွှတ်တော်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ပတ်သက်သည့် မေးခွန်းများကို ကိုယ်စားပြုတာဝန်ယူဖြေကြားပေးသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိမှသာ လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေချောမွေ့မည်ဟု ထင်မြင်ပါသည်။

၁၂။ အဆိုတင်သွင်းသူ မေးခွန်းမေးမြန်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှလည်း ကတိဖြစ်ခဲ့သော မိမိတို့၏ အဆိုများနှင့် မေးခွန်းမေးမြန်းထားမှုအပေါ် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ မည်သို့ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို မိမိမဲဆန္ဒနယ်အတွင်း စုံစမ်းလေ့လာ၍ ဤကော်မတီသို့ ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၁၃။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက လွှတ်တော်တွင် ကတိအဖြစ်ပေးရန် အခက်အခဲရှိသည့် မေးခွန်းများကိုလာရောက်ဖြေဆိုရာတွင် အဆုံးသတ်ဖြေရှင်းချက်၌ သိသာထင်ရှားသည့် အကြောင်းပြချက်ပါရှိအောင် ထည့်သွင်းဖြေဆိုသင့်ပါသည်။ သို့မှသာ ကတိဖြစ်/မဖြစ်ကို ခွဲခြားသတ်မှတ်နိုင်မည်ဖြစ်သည်။

**မှူကြမ်း**

၁၄။ ထို့ပြင် လာရောက်ဖြေကြားသည့်ဝန်ကြီးသည် ရှင်းလင်းစွာ ဖြေကြားနိုင်ခြင်းမရှိခဲ့ပါက လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းလာနိုင်သဖြင့် ၎င်းမေးခွန်း အပေါ်တွင် တိကျသည့် ပြန်လည်ဖြေကြားမှုမျိုးဖြစ်နိုင်အောင် ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

၁၅။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် ပထမပုံမှန်၊ ဒုတိယပုံမှန်နှင့် တတိယပုံမှန်အစည်းအဝေးများတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း များနှင့် ဝန်ကြီးဌာနများ၏ ဖြေကြားချက်များကိုစိစစ်ရာတွင်-

(က) ဝန်ကြီးဌာနအချင်းချင်းချိတ်ဆက်မှုအားနည်းခြင်း၊

(ခ) လွှတ်တော်တွင် လာရောက်ဖြေကြားသည့် အချို့သောဝန်ကြီးနှင့် ၎င်းဝန်ကြီးဌာန၏ ရုံးအဖွဲ့တို့ ချိတ်ဆက်မှုအားနည်းခြင်း၊

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ ချိတ်ဆက်မှု အားနည်းခြင်းတို့ကိုတွေ့ရှိရပါသည်။

၁၆။ ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ လွှတ်တော် ဥပဒေ/နည်းဥပဒေနှင့်အညီ မေးမြန်းလိုသည့် အကြောင်းအရာတစ်ခုထဲကိုသာ ရှင်းလင်း ပြတ်သားစွာ မေးမြန်းသင့်ကြောင်း အကြံပြုအပ်ပါသည်။

**နိဂုံး**

၁၇။ ပထမပုံမှန်အစည်းအဝေးမှ တတိယပုံမှန် အစည်းအဝေးအထိကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ ကတိ ဖြစ်ခဲ့သောမေးခွန်းများ၊အတည်ပြုခဲ့သည့်အဆိုများနှင့် ရှင်းလင်းချက်များကို စနစ်တကျစိစစ်ပြီး အစီရင်ခံစာများပြုစု၍ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်သူများကို ပွင့်လင်းမြင်သာစွာတင်ပြခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကော်မတီကစိစစ်တွေ့ရှိခဲ့သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်း ဆောင်ရွက်မှုအားနည်းချက်၊ အားသာချက်များကို သုံးသပ်၍ အပြန်အလှန် ထိန်းကျောင်းနိုင်ရန် တွေ့ရှိချက်၊ သုံးသပ်ချက်၊အကြံပြုချက်များပါရှိသည့် ကော်မတီ၏အစီရင်ခံစာအား ပြည်သူ့လွှတ်တော် မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။

**မှူးကြမ်း**

ပြည်သူ့လွှတ်တော်

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်

တာဝန်ခံချက်များစိစစ်ရေးကော်မတီ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၃-၅-၂၀၁၇(အင်္ဂါနေ့)ညနေ(၄)နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားတင်ပြခဲ့သည့် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးလျာထားချက်တွင် ပါဝင်ခြင်းမရှိပါသဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာရေးလျာထားချက် ပိုလျှံရန်ပုံငွေ သို့မဟုတ် ဖြည့်စွက်ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီး ရန်ပုံငွေမှဖြစ်စေ ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့ မေးခွန်းကတော့ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန်လျာထားတင်ပြခဲ့တဲ့ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းတွေဟာ နိုင်ငံတောရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး လျာထားချက်မှာ ပါဝင်လာခြင်းမရှိတဲ့အတွက် ပြည်ထောင်စုရဲ့ဘဏ္ဍာရေးလျာထားချက် ပိုလျှံငွေ ဒါမှမဟုတ် ဖြည့်စွက်ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီးရဲ့ရန်ပုံငွေမှဖြစ်စေ ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပျော်ဘွယ်မြို့နယ်ဟာ ဧရိယာ ၆၃၇.၈၂ စတုရန်းမိုင်နှင့် ရပ်ကွက်ကိုးခု၊ ကျေးရွာအုပ်စု ၇၅ အုပ်စု၊ ကျေးရွာပေါင်း ၃၁၇ ရွာရှိပြီး ဆက်သွယ်သွားလာမှုခက်ခဲတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုင်ငံတော်အစိုးရများရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကြောင့် သွားလာဆက်သွယ်မှု တိုးတက်လာခဲ့ပါသော်လည်းပဲ ကျေးလက်လမ်း၊ တံတား လိုအပ်ချက်များရှိနေသေးတဲ့အတွက် အခက်အခဲဖြစ်နေဆဲဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ တင်ပြပါစာရင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်မှာ တည်ရှိတဲ့ ပျော်ဘွယ်မြို့နယ်ရဲ့ ကျေးလက်လမ်းအခြေအနေဖြစ်ပါတယ်။ တင်ပြပါစာရင်းထဲမှာ မြေသားလမ်း ၇၈ မိုင် ၆.၆၀၇ ဖာလုံနှင့် နောက်ထပ်ဆက်လက်ဆောင်ရွက်ပေးရမယ့် မိုင် ၁၁၂ မိုင်ကျော်ရှိတဲ့အတွက် စုစုပေါင်း ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ပေးရမယ့် လမ်းမိုင်ဟာ ၁၉၀ မိုင်နှင့် ၇.၆ ဖာလုံခန့်ရှိပါတယ်။ အဲဒီတော့ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ ၂၀၁၆ ခုနှစ် ဇူလိုင်လဆန်းမှာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျော်ဘွယ်မြို့နယ်အတွင်းမှာ ၂၀၁၇-၂၀၁၈ ကနေ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ လေးနှစ်တာ ဆောင်ရွက်ရမယ့်လမ်း၊ တံတားစာရင်းကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရေးဆွဲတင်ပြရန် ညွှန်ကြားလာခဲ့ပါတယ်။ ဒီ့အတွက် ကျွန်တော်တို့ ဝမ်းပန်းတသာနှင့် ဦးစားပေးဆောင်ရွက်သင့်တဲ့လမ်း၊ တံတားစာရင်းများကို လေးနှစ်စာ ညှိနှိုင်းရေးဆွဲတင်ပြခဲ့ပါတယ်။ တင်ပြပါအတိုင်းဖြစ်ပါတယ်။ ဒီနောက်မှာတော့ ၂၀၁၆ ခုနှစ် ဩဂုတ်လ တတိယအပတ်ခန့်မှာ ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး(ရုံးချုပ်)ကနေ ၂၀၁၇-၂၀၁၈ ကနေပြီးတော့ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ လမ်း၊ တံတား နှစ်တို၊ နှစ်ရှည် ၁၅ နှစ်စီမံကိန်းကိုကာလတို ငါးနှစ်စီမံကိန်းသုံးခုနှင့် ရေးဆွဲတင်ပြဖို့ ညွှန်ကြားလာခဲ့ပါတယ်။ ဒီညွှန်ကြားချက်မှာ ပထမငါးနှစ်ရဲ့ နှစ်အလိုက် ဦးစားပေးလျာထားခြင်းကို သက်ဆိုင်သူဌာနဆိုင်ရာများ၊

လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပါဝင်သင့်တဲ့သူများနှင့်ဖွဲ့ပြီး ရွေးချယ်ပေးရန် ညွှန်ကြားချက်အရ ကျွန်တော်တို့အားလုံး ညှိနှိုင်းတိုင်ပင်ပြီး ထပ်မံရေးဆွဲတင်ပြခဲ့ပါတယ်။ ဝန်ကြီးဌာနရဲ့မျှော်မှန်းချက်ဟာ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်တဲ့ ၂၀၃၀-၂၀၃၁ ခုနှစ်ကုန်မှာ လက်ရှိကျေးလက်ဒေသလမ်းအားလုံး ရာသီမရွေးသွားလာနိုင်တဲ့လမ်း ၁၀၀ ရာခိုင်နှုန်းဖြစ်ရန် ရည်မှန်းထားတဲ့အတွက် ကျေးလက်နေပြည်သူများအတွက် လွန်စွာဝမ်းမြောက်ဖွယ်ရာဖြစ်ခဲ့ရပါတယ်။

ဒါ့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)က ၂၀၁၇ ခုနှစ် ဇန်နဝါရီလ လယ်ခန့်မှာ ကျေးလက်လမ်း၊ တံတားတွေကို ပြည်ပမိတ်ဖက်အဖွဲ့အစည်းအကူအညီနဲ့ ဆောင်ရွက်ဖို့ ၂၀၁၇-၂၀၁၈ ကနေ ၂၀၂၀-၂၀၂၁ အထိ လေးနှစ်စာ ထပ်မံလျာထားပေးဖို့ ညွှန်ကြားလာပါတယ်။ ဒီညွှန်ကြားချက်အရလည်း ကျွန်တော်တို့ ထပ်မံညှိနှိုင်းရေးဆွဲပေးပို့ခဲ့ပါတယ်။ အခုလို ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ် ကျေးလက်လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်ပြီး အထက်ဌာနများက တောင်းခံလာတိုင်း ကျွန်တော်တို့ မဆိုင်းမတွ ကွင်းဆင်းစစ်ဆေး ညှိနှိုင်းဆွေးနွေးပြီး ရေးဆွဲခဲ့၊ တင်ပြခဲ့တာ အကြိမ်ကြိမ်ဖြစ်ပါတယ်။ ဒီလိုတင်ပြဆောင်ရွက်တာဟာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူးဆိုတာကို လက်တွေ့ဆောင်ရွက်ကြတဲ့ကိုယ်စားလှယ်ကြီးများအားလုံး သိကြပါတယ်။ ဒီလို ကျွန်တော်တို့ ကြိုးစားဆောင်ရွက်တင်ပြခဲ့ပါသော်လည်းပဲ ပြည်ထောင်စုအစိုးရရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးလျာထားချက်မှာ ပျော်ဘွယ်မြို့နယ်ရဲ့ ကျေးလက်ဒေသများအတွက် လမ်း၊ တံတားများတည်ဆောက်ရန် ရန်ပုံငွေမပါကြောင်း တွေ့ရှိရပါတယ်။ ဒီအတွက် ဒေသခံပြည်သူများ လွန်စွာစိတ်မကောင်းဖြစ်ကြရပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရက ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားရေးမြှင့်တင်ရေးကို အလေးထားကြောင်း ပြောကြားနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လျာထားချက်မှာမပါခဲ့တဲ့ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသနေပြည်သူများရဲ့ လူမှုစီးပွားရေးဘဝမှာ အခြေခံအကျဆုံးဖြစ်တဲ့ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းတွေကို ပြည်ထောင်စုအစိုးရရဲ့ ဘတ်ဂျက်လျာထားချက် ပိုလျှံငွေ ဒါမှမဟုတ် ဖြည့်စွက်ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီးရဲ့ရန်ပုံငွေမှဖြစ်စေ ခွဲဝေချထားဆောင်ရွက်ပေးစေလိုတဲ့ ဆန္ဒနဲ့ ပျော်ဘွယ်မြို့နယ် ကျေးလက်နေပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသောင်းအေးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီး လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို လူထုဗဟိုပြုစီမံကိန်းလို့ဆိုရမယ့် CDD- Community Driven Development Project အရလည်းပဲ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးတွေကို ဆောင်ရွက်ဖို့အတွက် ရန်ပုံငွေကန့်သတ်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်အတွက် လျာထားမှုမရှိခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်း ပျော်ဘွယ်မြို့နယ်ဟာ CDD စီမံကိန်းဝင် မြို့နယ်ဖြစ်တဲ့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လေးနှစ်ဆက်တိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စီမံကိန်းရန်ပုံငွေကျပ်သန်းပေါင်း ၂၆၇၄ သန်းဖြင့် ကျေးရွာအုပ်စု ၇၅ အုပ်စု၊ ကျေးရွာ ၃၁၇ ရွာအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်းပဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပျော်ဘွယ်မြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၈၄.၅၁၅ သန်းဖြင့် ကတ္တရာလမ်း ၁ မိုင်၊ ကျောက်ချောလမ်း ၅ မိုင်၊ ဂဝံ/မြေနီလမ်း ၁ ဖာလုံ၊ ကွန်ကရစ်တံတားငါးစင်း၊ သစ်သားတံတားနှစ်စင်း၊ ရေပြွန်ငါးစင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ရန်ပုံငွေနဲ့ ကျပ် ၈၅.၂၃

သန်း ရရှိခဲ့တဲ့အလျောက် ကျေးလက်လမ်း၊ တံတားလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုအဆင့်ကနေ လမ်း၊ တံတားလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လမ်းအမျိုးအစားနှင့် လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတားစံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ လမ်းနယ်နိမိတ်သတ်မှတ်ခြင်း၊ လမ်းပိုင်းဆိုင်ရာနယ်နိမိတ်သတ်မှတ်ခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီးတွေကနေ နှစ်တို၊ နှစ်ရှည် စီမံကိန်း(Master Plan)တွေအရ ဦးစားပေးရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းရပ်တွေအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နှစ်စဉ်စိစစ်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်လမ်း၊ တံတားလုပ်ငန်းတွေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိပါဘူး။ ပြည်ထောင်စုရဲ့ ဘဏ္ဍာရေးလျာထားချက် ရန်ပုံငွေနဲ့ တိုင်းဒေသကြီးရန်ပုံငွေတွေမှာလည်း ပါဝင်ခဲ့ခြင်းမရှိတဲ့အတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသော်လည်း နှစ်အလိုက် ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်ပြီး လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ သက်ဆိုင်ရာဝန်ကြီးရဲ့ဖြေကြားချက်အပေါ်မှာ ကျွန်တော် ဆက်စပ်မေးမြန်းလိုပါတယ်။ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေနှင့် ဆောင်ရွက်နေတာ အင်မတန်မှပဲ ကျေးဇူးတင်ဝမ်းမြောက်ဖွယ်ရာဖြစ်ပါတယ်။ လူထုဗဟိုပြုစီမံကိန်းမြို့နယ်ဖြစ်တဲ့အတွက် ပြည်ထောင်စုဘတ်ဂျက် ချထားပေးမှုမရှိဘူးဆိုတဲ့မူဝါဒကို ပြန်လည်ဆန်းစစ်ဖို့သင့်ပါတယ်။ ဒီစီမံကိန်းအရ မြို့နယ်တွေကို ရွေးချယ်တဲ့အခါမှာ အဓိကအားဖြင့် ဆင်းရဲနွမ်းပါးမှုကို အဓိကအခြေခံထားပြီး ရွေးချယ်တာဖြစ်ပါတယ်။ မြို့နယ်ပေါင်းများစွာထဲမှာ အဆင်းရဲဆုံးမြို့နယ်တွေကို ဦးစားပေးရွေးချယ်တာဖြစ်ပါတယ်။ အဲဒီတော့ အဆင်းရဲဆုံးမြို့နယ်တွေနဲ့ ကျန်တဲ့မြို့နယ်တွေကို အဆင်းရဲဆုံးမြို့နယ်က CDD ရန်ပုံငွေရတဲ့အတွက် ကျန်တဲ့မြို့နယ်တွေက ပြည်ထောင်စုဘတ်ဂျက်နဲ့လုပ်မယ်ဆိုရင် ဒီဆင်းရဲမှုနှင့် ချမ်းသာမှုကွာဟချက်က ပြေလည်လာမှာမဟုတ်ပါဘူး။ နောက်တစ်ချက်ကလည်း CDD ခွင့်ပြုငွေဟာ လူဦးရေ ၃၀၀၀ မှာ အဲဒီကျေးရွာအုပ်စုတစ်စုမှာမှ ကျပ် သိန်း ၂၀၀ ရတာဖြစ်ပါတယ်။ တကယ်လို့သာ အဲဒီကျေးရွာအုပ်စုက လူနည်းပြီးတော့ ၁၀ ရွာမှာ တစ်အုပ်စုဖြစ်နေမယ်ဆိုရင်

အဲဒီရွာရဲ့ခွဲတမ်းဟာ ကျပ် ၁၀ သိန်းလောက်ပဲ ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြခဲ့တဲ့ လမ်းတွေကို ဒီငွေနဲ့ ဘယ်လိုမှ အပြီးသတ်မဆောင်ရွက်နိုင်ပါဘူး။ အခု ပျော်ဘွယ်မြို့နယ်မှာ လူထု ဗဟိုပြုစီမံကိန်းအရ ဒုတိယဝန်ကြီး အမိန့်ရှိတာမှန်ပါတယ်။ ငွေကျပ်ချပေးထားပါတယ်။ သို့သော် လည်းပဲ ဒီနှစ်လုပ်တဲ့လုပ်ငန်းတွေအားလုံးဟာ လုပ်ငန်းသစ်တွေမပါရပါဘူး။ ပြုပြင်မွမ်းမံတဲ့လုပ်ငန်း တွေပဲ လျာထားဆောင်ရွက်ရပါတယ်။ ဒါကလည်း စီမံကိန်းရဲ့ မူဝါဒဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုနှစ် ကျေးရွာအားလုံးလိုလိုဟာ ရွာတွင်းလမ်းရဲ့ အစိတ်အပိုင်းတွေကိုပဲ အများစုလုပ်ကြပါတယ်။ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ပြည်ထောင်စုဘတ်ဂျက်မှာတင်ပြထားတဲ့ဟာက ရွာတွင်းလမ်းတွေမဟုတ် ပါဘူး။ ရွာချင်းဆက်လမ်းတွေ၊ မြို့နယ်၊ လမ်းမတွေကို ဆက်သွယ်တဲ့လမ်းတွေသာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ပြန်ကြည့်မယ်ဆိုရင်လည်း ဒီ ၂၀၁၇-၂၀၁၈ မန္တလေးတိုင်းဒေသကြီးကနေပြီးတော့ ခွဲဝေလျာထားတဲ့စာရင်း ကျွန်တော့်ဆီမှာ ရပါတယ်။ အဲဒီအထဲမှာ ဒီတိုင်းဒေသကြီးကနေပြီးတော့ အခုနက ဝန်ကြီးကတော့ မပါဘူးလို့ ပြောပါတယ်။ ကျွန်တော့်ဆီမှာတော့ ဒီစာရင်းရှိပါတယ်။ ဒီထဲမှာ ဘာပါလဲဆိုတော့ ရေကန်နှစ်ကန်၊ လမ်းတစ်လမ်း၊ Box Culvert ခုနှစ်စင်း၊ တံတားတစ်စင်း၊ မြေသား လမ်း ၁.၅ မိုင်နှင့် ကျောက်ချောလမ်း ၁.၃ မိုင်ပါပါတယ်။ အဲဒီတော့ ရာသီမရွေးသွားလာနိုင်ဖို့ဆိုရင် တစ်နှစ်နှစ်ကို ၁.၃ မိုင်လောက်ပဲရမယ်ဆိုရင် ကျွန်တော် အခုနက တင်ပြထားတဲ့ မိုင် ၁၉၀ ဟာ နှစ် ၁၀၀ လောက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဘဏ္ဍာငွေခွဲဝေမှုကို ပြန်လည် သုံးသပ်ပြီးတော့ ကျွန်တော့်ရဲ့မေးမြန်းတင်ပြချက်အပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင် ခြင်းရှိ/မရှိ ဆက်စပ်မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပြန်လည်စိစစ်ဆောင်ရွက်ပေးနိုင်ဖို့အတွက် တင်ပြချက်နှင့်ပတ်သက် ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှာ ပြန်လည်စိစစ်ပေးပါမယ်။ ဒီလိုပြန်လည်စိစစ်တဲ့အခါမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေ ခွဲဝေရရှိမှု အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ရှင်းလင်းဆွေးနွေး သွားသလိုပဲ CDD Project ရဲ့ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းအရ တစ်နိုင်ငံလုံးအတိုင်းအတာအရ လွှမ်းခြုံဆောင်ရွက်ရတဲ့အတွက်ကြောင့်မို့လို့ လိုအပ်ချက်တွေဟာ ရှိနိုင်တယ်။ ရှိစမြဲရှိတာဖြစ်ပါတယ်။

**မူကြမ်း**

နောက်တစ်ချက်ကလည်းပဲ CDD နဲ့ ပြည်ထောင်စုဘတ်ဂျက်နဲ့ ပြန်လည်စိစစ်သုံးသပ်တဲ့အခါမှာ လုပ်နည်းစနစ်ကိုလည်း ပြန်လည်စစ်သုံးသပ်ဖို့သင့်တယ်ဆိုတာ လက်ခံပါတယ်။ တိုင်းဒေသကြီးအစိုးရ အဖွဲ့နဲ့ ပြန်လည်ညှိနှိုင်းပြီး အကယ်၍ ယခုနှစ်မှာ ပိုလျှံငွေအနေအထားဖြစ်ပေါ်လာမယ်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလိုပဲ ဒါ ဦးစားပေးဆောင်ရွက်သွားနိုင်ရေးကို အကောင် အထည်ဖော်ပေးသွားနိုင်မှာဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေရှင်းအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**မိုးမိတ်မြို့နယ်၊ ကင်းချောင်းရွာတံတားအမှတ်(၅/၂၄)ထိန်းသိမ်းရေးနှင့် သစ်ဆိမ့်ကုန်းရွာ၊ ပေကုန်းရွာ၊ နဘူးရွာများမှ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ကင်းချောင်းတံတားအောက်ဘက်ရှိ ကင်းချောင်းအား ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ဘက်ဟိုးဖြင့် သဲ၊ နုန်းဆယ်ယူရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် တက်ရောက်လာကြသောပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မိုးမိတ်မြို့နယ်၊ ကင်းချောင်းရွာတံတားအမှတ် (၅/၂၄)ထိန်းသိမ်းရေးနှင့် သစ်ဆိမ့်ကုန်းရွာ၊ ပေကုန်းရွာ၊ နဘူးရွာများမှ လယ်ယာမြေများပြန်လည် ဖော်ထုတ်နိုင်ရေး၊ ကင်းချောင်းတံတားအောက်ဘက်ရှိ ကင်းချောင်းအား ရေစီးရေလာကောင်းမွန်ရေး အတွက် ဘက်ဟိုးဖြင့် သဲ၊ နုန်းများဆယ်ယူရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကင်းချောင်းရွာတံတားအမှတ်(၅/၂၄)ဟာ ၂၀၁၁-၂၀၁၂ ခုနှစ်က စတင် တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်စဉ်ကာလက တံတားပေါင်နဲ့ရေမျက်နှာပြင်ဟာ ၁၂ ပေနဲ့ ၈ လက်မကွာဝေးပြီးတော့ ယခုလေးနှစ်တာကာလအတွင်းမှာ တံတားပေါင်နဲ့ရေမျက်နှာပြင်ဟာ ၅ ပေ သာ ကွာဝေးပါတော့တယ်။ လေးနှစ်အတွင်း ယခုလိုကြမ်းပြင်မြင့်တက်ခဲ့ခြင်းဟာ မိုးကုတ်ကျောက် ဆေးရေကြောင့်ဖြစ်တယ်ဆိုတာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀-၅-၂၀၁၆ ရက်နေ့မှာ လွှတ်တော်ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၁-၈-၂၀၁၆ ရက်နေ့မှာ သဘာဝ

သယံဇာတ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သော်လည်း လက်တွေ့လုပ်ဆောင်မှုမရှိခဲ့ပါဘူး။ အဲဒီ အချိန်တုန်းက ရေမျက်နှာပြင်နဲ့ တံတားပေါင်ဟာ ၇ ပေခန့်ရှိခဲ့ပြီးတော့ ယခုအချိန်မှာ ၅ ပေလောက်သာရှိတော့တဲ့အနေအထားပါ။ ဒါကြောင့်မို့ မိုးမကျခင် ယခုလိုနွေရာသီအချိန်မှာ အချိန်မီ တံတား အောက်ဘက်ကို ဘက်ဟိုးနဲ့ချောင်းဖော်ရိုက်မယ်ဆိုလို့ရှိရင် တံတားကိုလည်း ထိန်းသိမ်းရာရောက်ပြီးတော့မှ သစ်ဆိမ့်ကုန်းရွာ၊ နဘူးရွာ၊ ပေကုန်းရွာ၊ ကင်းချောင်းရွာ စတဲ့ရွာများမှ ဧက ၃၀၀၀ ကျော် နစ်မြုပ်နေတဲ့လယ်ဧကများကို ပြန်လည်ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ သို့ပါ၍ လွှတ်တော်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့အတိုင်း နိုင်ငံတော်မှ လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်ရဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်အတွင်းမှာရှိတဲ့ ကင်းချောင်းဟာ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်အတွင်းမှာ စတင်စီးဆင်းလာပြီးတော့ မိုးမိတ်မြို့နယ်မှာ နမ့်မိတ်ချောင်းအတွင်း စီးဝင်လျက်ရှိပါတယ်။ ကင်းချောင်းရဲ့လက်ရှိအခြေအနေကို ကွင်းဆင်းစိစစ်ခဲ့တဲ့အခါမှာ မိုးမိတ်-တွင်းငယ်လမ်းပေါ်မှာရှိတဲ့ ကင်းချောင်းရွာတံတားကနေ အောက်ဘက်နမ့်မိတ်ချောင်းအဝထိ စုစုပေါင်း အလျား ၂၃.၆ မိုင် သဲနုန်းပို့ချတိမ်ကောလျက်ရှိပြီးတော့ ကင်းချောင်းတံတားဟာ ရေထွက်ကင်းလွတ်အမြင့် ၄.၅ ပေခန့်သာရှိတော့ကြောင်း တွေ့ရှိရပါတယ်။ လက်ရှိမှာ ကင်းချောင်း တိမ်ကောနေမှုကြောင့် မိုးရာသီမှာ ချောင်းရေလျှံပြီး သစ်ဆိမ့်ကုန်းရွာ၊ ပေကုန်းရွာနှင့် နဘူးရွာများမှာရှိတဲ့ လယ်မြေများ ရေကြီးနစ်မြုပ်လျက်ရှိတဲ့အပြင် ကင်းရွာတံတားကို ရေတိုက်စားမှုအန္တရာယ် ဖြစ်ပေါ်လျက်ရှိကြောင်း စိစစ်ရရှိခဲ့ပါတယ်။ ကင်းချောင်းကို ပြန်လည်တူးဖော်လျှင် အလျား ၂၃.၆ မိုင် အကျယ် ၁၂၀ ပေနှင့် အနက် ၁၀ ပေခန့်တူးဖော်

ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ခန့်မှန်းကုန်ကျငွေကျပ်သန်းပေါင်း ၄၇၅၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း စိစစ်ရရှိပါတယ်။

ကင်းချောင်းအတွင်း တစ်နှစ်လျှင် ပျမ်းမျှသဲနုန်းပို့ချမှုမှာ နှစ်ပေခန့်ရှိပါကြောင်း မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ် ချောင်းအဖျားပိုင်းဧရိယာရှိတဲ့ ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းတွေက ဖြုန်း၊ မြေစာများစွန့်ပစ်မှုကြောင့် လျင်မြန်စွာ တိမ်ကောလာရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းအနေနဲ့ တစ်နှစ်ပတ်လုံး တူးဖော်ပြီး ဖြုန်းနှင့်မြေစာတွေကို စနစ်တကျစွန့်ပစ်ခြင်းမပြုတဲ့အတွက်ကြောင့် ကင်းချောင်းထဲကို သဲနုန်းပို့ချမှုဖြစ်ပေါ်လျက်ရှိတဲ့အတွက် ကင်းချောင်းကို တူးဖော်ဆောင်ရွက်ပြီးလျှင်လည်း အချိန်တိုကာလအတွင်း ပြန်လည်တိမ်ကောသွားနိုင်မည့် အခြေအနေဖြစ်ကြောင်း စိစစ်ရရှိပါတယ်။

သို့ဖြစ်တဲ့အတွက် ကင်းချောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းဟာ လုပ်ငန်းပမာဏများပြားပြီး ရန်ပုံငွေလိုအပ်ချက်များပြားလွန်းခြင်း၊ တူးဖော်ဆောင်ရွက်ပြီးလို့ရှိရင်လည်းပဲ ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းတွေကနေ စွန့်ပစ်မြေစာတွေကြောင့် အချိန်တိုအတွင်း ပြန်လည်တိမ်ကောနိုင်တဲ့အတွက် အဆိုပါလုပ်ငန်းတွေကို ထိရောက်စွာကြီးကြပ်နိုင်ရန် လိုအပ်ခြင်းစတဲ့အတွက်ကြောင့် နောင်ရေရှည်အကျိုးရှိစွာ စီမံဆောင်ရွက်သွားနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေဖြစ်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ ညှိနှိုင်းဆောင်ရွက်ပြီး ရန်ပုံငွေရရှိရေး တင်ပြတောင်းခံ ဆောင်ရွက်သွားရမည့်ကိစ္စ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့ နည်းပညာပူးပေါင်းဆောင်ရွက်မှုများနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်၍ လက်ရှိအခြေအနေမှာ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်တူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ခုနနေရာ နမ့်မိတ်ချောင်းထိဆိုရင်တော့ ၂၀ မိုင်လောက်ပဲဝေးတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ဖြစ်စေချင်တာကတော့ ဒီရဲ့ နဘူးရွာဘေးထိ လေးမိုင်လောက် ကုပ်လိုက်လို့ရှိရင် နဘူး

အထက်ဘက်မှာရှိတဲ့ လယ်ဧက ၃၀၀၀ ဟာ ပြန်လည်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဟိုဘက်ကျလို့ ရှိရင်တော့ တောထဲကိုဖြစ်သွားတဲ့အတွက် ရေဟာဘယ်နေရာသွားသွား ကျွန်တော်တို့ကို ထိခိုက်မှုမရှိနိုင်တော့ပါဘူး။ အဲဒါကြောင့်မို့လို့ ဒီလေးမိုင်လောက်ကလေးကို ကျွန်တော် ပြန်ပြီးတော့မှ ဘက်ဟိုးလေးနဲ့ကုပ်စေချင်တာပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။ ကုပ်နိုင်မယ့်အစီအစဉ်ရှိ/မရှိသိရှိလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းတင်ပြတဲ့ နဘူးရွာလေးမိုင်ဆောင်ရွက်နိုင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျန်တဲ့ Environmental Impact ပတ်ဝန်းကျင်နဲ့ပတ်သက်ပြီးတော့ပေါ့ အခြေအနေအရပ်ရပ်ကို ပြန်ဖြစ်မြောက်နိုင်စွမ်း ပြန်လည်စိစစ်ပေးပါမယ်။ စိစစ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းအကောင်အထည်ဖော်ပေးသွားမှာဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လှည်းကူးမြို့နယ်မှ လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်း(အပိုင်း ၂၊ ကင်မွန်းချုံ)ကို ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဧည့်သည်တော်များကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဟာ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းက လှည်းကူးမြို့နယ်က လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်း(အပိုင်း ၂၊ ကင်မွန်းချုံ)ကို ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစီမံကိန်းနဲ့ပတ်သက်လို့ ဆက်လက်ဆွေးနွေးတင်ပြလိုပါတယ်။ လယ်ယာမြေ ၇၀၂၅ ဧကကို ရေပေးဝေဖို့ အပိုင်းကြီး(၃)ပိုင်းခွဲပြီးတော့ လျှပ်စစ်ရေတင်စီမံကိန်းဆိုပြီးတော့ ၂၀၀၆-၂၀၀၇ ခုနှစ်ကစတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒီလိုအကောင်အထည်ဖော်ခဲ့ရာမှာလည်း အပိုင်း(၃)ပိုင်းခွဲတဲ့အခါမှာ လက်ပံအပိုင်း၊ ကင်မွန်းချုံအပိုင်း၊ ရှမ်းတဲကြီးအပိုင်းဆိုပြီးတော့

(၃)ပိုင်းခွဲထားပါတယ်။ အဲဒီလို ၂၀၀၆-၂၀၀၇ ခုနှစ်ကနေပြီးတော့ နှစ်စဉ်ဘတ်ဂျက်လျာထားချက်နဲ့ လုပ်ခဲ့ရာမှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ အပိုင်း(၁)လက်ပံလုပ်ငန်းပြီးစီးသွားပြီးတော့ ဘတ်ဂျက်ငွေပိုတဲ့ အတွက် အပိုင်း(၂) ကင်မွန်းချုံလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီလို ဖော်တဲ့အခါမှာလည်းပဲ ပင်မမြောင်းကြီးဖြစ်တဲ့ ပေ ၃၆၁၈ ပေကို အကောင်အထည်ဖော်နိုင်ပြီးတော့ နောက်နှစ်တွေမှာ ဘတ်ဂျက်တွေကျမလာတဲ့အတွက် ဆက်လက်လုပ်ရန်ရှိတဲ့ မြို့ပြအဆောက်အဦပိုင်း တွေ၊ လျှပ်စစ်ပိုင်းတွေ၊ စက်မှုပိုင်းတွေ၊ လက်တံတို/လက်တံခွဲတွေလုပ်ဖို့ကျန်နေပါတယ်။ အဲဒီလိုပဲ လယ်သမားကြီးတွေ၊ ဒေသခံတွေက သူတို့ညှိနှိုင်းထားတဲ့မြေကိုအသုံးချပြီးတော့ ဒီလက်တံမြောင်းကြီး လုပ်ပြီးပါလျက်နဲ့ ရေမရရှိသေးတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို အခုနှစ်ပိုင်းပေါ့။ အစိုးရနှစ်ဦးပိုင်းမှာ တွေ့ဆုံပြီးတော့လာရောက်တောင်းဆိုဆွေးနွေးပါတယ်။ အဲဒီအခါမှာ ကျွန်တော် ဟာ သုံးပွင့်ဆိုင်မြစ်ရေတင်စီမံကိန်းဦးစီးဌာနရယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရယ်၊ ဒေသခံ လယ်သမားတွေရယ်တွေ့ဆုံဖို့ ၇-၅-၂၀၁၆ ရက်နေ့မှာ ဒေသခံအလုပ်ရုံမှာ ကျွန်တော်တို့တွေ့ဆုံပွဲ လုပ်ပါတယ်။ အဲဒီလိုဆွေးနွေးပွဲမှာ လယ်သမားတွေက ပွင့်ပွင့်လင်းလင်းတင်ပြပြီးတော့ နောက်ဆုံး တောင်းဆိုချက်က သူတို့တွေစောင့်စားခဲ့တာနှစ်ပေါင်းလေးနှစ်ရှိပါပြီ။ အခု ၂၀၁၇-၂၀၁၈ ခုနှစ်ထိ စောင့်ပါ့မယ်။ အဲဒါမှမဖြစ်ရင် သူတို့သဘောတူထားတဲ့မြေကြီးတွေကိုပြန်ပေးပါ။ အခုလုပ်ထားတဲ့ အစီအစဉ်တွေကိုလည်းဖျက်ပြီးတော့ လယ်မြေအတိုင်းပြန်လုပ်ပေးပါလို့ တောင်းဆိုပါတယ်။ အဲဒီတော့ ရေအသုံးချရေးစီမံခန့်ခွဲတဲ့ ဦးစီးဌာနကဝန်ထမ်းတွေရော၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရော ဒါဟာ အရေးတကြီးလုပ်ငန်းအနေနဲ့ ခံယူပြီးတော့ သက်ဆိုင်ရာဌာနဆိုင်ရာကလည်းပဲ ဌာနဆိုင်ရာ အဆင့်ဆင့်တွေကို ဒီဆွေးနွေးပွဲမှတ်တမ်းနဲ့အတူတင်ပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကလည်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဦးစီးဌာနကိုသွားရောက်ပြီးတော့ ဆွေးနွေးတင်ပြ ခဲ့ပါတယ်။ အခုမေးခွန်းမေးချိန်မှာ ဒီဘတ်ဂျက်ဟာကျပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ဆက်လက် ဆွေးနွေးတင်ပြရန်ရှိတဲ့အတွက် တင်ပြခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါ။ ဒါဟာ ခုနကပြောတဲ့ ၇-၅-၂၀၁၆ ရက်နေ့မှာ ဒေသခံတွေနဲ့ သုံးပွင့်ဆိုင်ဆွေးနွေးတဲ့ ဆွေးနွေးပွဲပါ။ ဒါဟာ ခုနကလယ်သမားတွေနဲ့ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခွင့်ပြုထားတဲ့ လယ်မြေပေါ်မှာ ဆောင်ရွက်ပြီးသွားတဲ့ပမာဏ မူလမြောင်းမကြီးရဲ့ အနေ အထားဖြစ်ပါတယ်။ ပေပေါင်းအားဖြင့် ၃၆၁၈ ပေဖြစ်ပါတယ်။ မြေသားကျင်းအနေနဲ့ ၁၅၃၃၀ ဖြစ်ပြီး

တော့ လုပ်ငန်းတန်ဖိုးက ၁၅၄၇၂၁၁၅ ကျပ်တန်ဖိုးဖြစ်ပါတယ်။ အဲဒီတော့ ဒီတန်ဖိုးဟာ အကယ်လို့သာ ဒီဘက်နှစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာမကျဘူးဆိုလို့ရှိရင် ဒီငွေကို နိုင်ငံတော်ကကျခံပြီးဖြစ်တဲ့အတွက် ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ဒို့အပြင် တောင်သူလယ်သမားတွေတောင်းဆိုထားတဲ့ ဒီအတိုင်း သူကလက်မခံပါဘူး။ လယ်မြေအတိုင်းပြန်လုပ်ရမယ်ဆိုတဲ့အတွက် နောက်ထပ်သိန်း ၅၀ ကျော်ကုန်မှာဖြစ်ပါတယ်။ ဒီလိုနှစ်ရပ်ပေါင်းပေါင်းမယ်ဆိုရင် သိန်း ၃၀၀ ကျော်ရှိသွားတဲ့အတွက် ကျွန်တော်တို့ သာမန်ဖွံ့ဖြိုးရေးလုပ်ငန်းလမ်းခြောက်ခုစာလောက် ဆုံးရှုံးနစ်နာမယ့်သဘောရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်ရဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်မှာ ရှိတဲ့ လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ရေသောက်ဧရိယာဧက ၂၅၀၀ ကျော်ရေပေးနိုင်ဖို့ ကျေးရွာအုပ်စုသုံးစု၊ ကျေးရွာငါးရွာမှာရှိတဲ့ ရေသောက်ဧရိယာ ၁၅၃၇ ဧကကို လုပ်ငန်းအပိုင်း(၁)အဖြစ် ဆောင်ရွက်ပြီးတော့ ကျေးရွာအုပ်စုနှစ်စု၊ ကျေးရွာလေးရွာမှာရှိတဲ့ ရေသောက်ဧရိယာ ၉၈၈ ဧက ၁၀၀၀ ခန့်ကို လုပ်ငန်းအပိုင်း(၂)အဖြစ် လုပ်ငန်းပိုင်းနှစ်ပိုင်းခွဲခြားပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းအပိုင်း(၁)ကို ဆောင်ရွက်တဲ့အခါမှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှာပြီးစီးခဲ့ပြီးတော့ နှစ်စဉ်စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် နွေစပါးဧက ၁၂၅၀ ကိုရေပေးဝေလျက်ရှိပါတယ်။ လုပ်ငန်းအပိုင်း(၂) ကင်မွန်းချုံအား ၂၀၁၁-၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပစ္စည်းဝယ်ယူရေးလုပ်ငန်းအနေဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းပစ္စည်းများနှင့် ရေတင်ပိုက်များ ဝယ်ယူပြီးစီးခဲ့ပြီးတော့ တည်ဆောက်ရေးလုပ်ငန်းအနေနဲ့ ပေအရှည်

၀.၆၈ မိုင်ရှိတဲ့ ပင်မမြောင်းရဲ့မြေကြီးလုပ်ငန်းသာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ နှစ်စဉ်ရန်ပုံငွေစိစစ်ခွင့်ပြုချက်အရ လက်ပံလျှပ်စစ် မြစ်ရေတင်စီမံကိန်းရဲ့လုပ်ငန်းအပိုင်း(၂)ကို ထိုစဉ်က အကောင်အထည်ဖော်ဆောင်ရွက်ဆဲ မြစ်ရေတင်လုပ်ငန်းတွေအပေါ် ပြန်လည်သုံးသပ်စိစစ်ချက်အရ ၂၀၁၂-၂၀၁၃ ခုနှစ်မှစပြီးတော့ ရပ်နားထားခဲ့တာ ယနေ့အချိန်ထိ ဖြစ်ပါတယ်။

ဒီစီမံကိန်းရဲ့လုပ်ငန်းအပိုင်း(၁)က မြစ်ရေတင်စနစ်နဲ့ နွေစပါးတွေအောင်မြင်စွာ ရေပေးစိုက်ပျိုးနိုင်တာကို တွေ့မြင်ရတဲ့လုပ်ငန်းအပိုင်း(၂) ရေသောက်ဧရိယာမှာရှိတဲ့ တောင်သူတွေအနေနဲ့ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုတဲ့ဆန္ဒရှိရပါတယ်။ စီမံကိန်းရေသောက်ဧရိယာဟာ မိုးကောင်းသောက်လယ်မြေတွေဖြစ်လို့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရ မုတ်သုံဝင်/ထွက်ချိန်ပြောင်းလဲမှုဖြစ်လို့ရှိရင် ပျိုးထောင်ရေနှင့် အောင်ရေပေးဝေနိုင်ခြင်းကြောင့် လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းအပိုင်း(၂)ဟာ ဆက်လက်ဆောင်ရွက်သင့်တဲ့လုပ်ငန်းဖြစ်ကြောင်း စိစစ်ရရှိပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လည်း လျှပ်စစ်ရေတင်စီမံကိန်းအပိုင်း(၂)ကို ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်တဲ့ ရန်ပုံငွေကျပ်သန်းပေါင်း ၂၄၆၈.၃၈၄ သန်းကို အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံခဲ့ရာ ရန်ပုံငွေလည်းရရှိပြီးဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေချထားပေးတာနဲ့တစ်ပြိုင်တည်း လုပ်ငန်းတွေကိုစတင်ဆောင်ရွက်နိုင်ရေးအတွက် စီမံထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းဖြစ်သည့် ဆိုလာမီးလင်းရေးကို စာချုပ်ပါ စည်းမျဉ်းစည်းကမ်းနှင့် အာမခံတို့ဖောက်ဖျက်မှုပြုသော ကုမ္ပဏီကို အရေးယူပေးရန်အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ ဖြစ်ပါ

တယ်။ ကျွန်မ ဒီမေးခွန်းကို တတိယပုံမှန်အစည်းအဝေးကနေ အခု ပဉ္စမပုံမှန်အစည်းအဝေးမှာ မေးမြန်းခွင့်ရရှိခဲ့တဲ့ ဒီမေးခွန်းရဲ့ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုဘဏ္ဍာ ရသုံးမှန်းခြေငွေစာရင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေပြုရေးအခန်း၊ ပုဒ်မ ၁၀၀ ပုဒ်မခွဲ(ခ)ပါ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးဆုံးဖြတ်အတည်ပြုပြီး ရတဲ့ ပြည်ထောင်စုဘဏ္ဍာပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုရန်ပုံငွေဟာ ပြည်ထောင်စုရဲ့ကုန်သွယ်လုပ်ငန်းခွန်၊ အခြားဆက်စပ်အခွန်၊ နိုင်ငံတကာချေးငွေ၊ ပြည်တွင်းချေးငွေတွေကနေ ရရှိလာတဲ့ ပြည်သူ့ဘဏ္ဍာစစ်စစ်ဖြစ်တဲ့အလျောက် ပြည်သူတို့ရဲ့လိုအပ်တဲ့ဒေသတွေ လုပ်ငန်းအလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ဖို့ အရေးကြီးသလို ဆုံးရှုံးမှုတွေ မရှိစေဖို့အတွက် အလွဲသုံးစားမှုတွေကို ဥပဒေအရ အရေးယူဖို့လည်း အဓိကအထူးလိုအပ်နေလို့ ဒီမေးခွန်းကို မေးမြန်းရခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျေးလက်ဒေသဖွံ့ဖြိုးမှုဟာ မြို့ပြကဲ့သို့မဟုတ်ဘဲ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးက အဓိကနောက်ကျကျန်ခဲ့တဲ့အတွက် ကျန်းမာရေး၊ ပညာရေးနှင့် အခြားဖွံ့ဖြိုးမှုတွေပါ နှေးကွေးခဲ့ရပါတယ်။ ဒါ့အပြင် ကျေးလက်နေတောင်သူလယ်သမားတွေအဖို့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအပြင် ဗဟုသုတနဲ့ သဘာဝဘေးအန္တရာယ်တွေအလို့ငှာ သတင်းနားထောင်ခြင်း၊ ပင်ပန်းစွာ အလုပ်လုပ်ရခြင်းအတွက် ဖျော်ဖြေရေးအစီအစဉ်မကြည့်ရှုနိုင်ခြင်း၊ ဘာသာတရားအတွက် တရားခွေတွေ တရားမနာနိုင်ခြင်းတို့ကို တစ်ဆက်တစ်စပ်တည်း ကြုံလာရပါတယ်။ လျှပ်စစ်မီးမရနိုင်တဲ့မြို့ပြနဲ့ဝေးတဲ့ ကျေးရွာတွေအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုလာမီးများ တပ်ဆင်နိုင်ဖို့အတွက် နှစ်စဉ်အလိုက် ဦးစားပေးစနစ်နဲ့ ဘဏ္ဍာငွေတွေလည်း လျာထားခဲ့ပါတယ်။ ဥပမာ ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှာရှိတဲ့ အိမ်မဲမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေမှာ ဆိုလာပြားအသေးတစ်ချပ်၊ ဘတ္တရီအသေး၊ Invertor အသေးတစ်လုံးနဲ့ တွဲပြီးပေးတာရှိသလို ကျေးရွာအတွင်းမှာ အိမ်ထောင်စုအလိုက် မဲစနစ်နဲ့ ရွေးချယ်တပ်ဆင်ပေးတာမျိုးလည်းရှိပါတယ်။ တချို့ကျေးရွာတွေမှာတော့ ရွာရဲ့တစ်နေရာမှာ ဆိုလာပြားတွေ ရှစ်ချပ်လောက်တပ်တယ်။ ဘတ္တရီလေးလုံးလောက်တပ်တယ်။ ကျေးရွာအတွင်းက အိမ်ခြေတွေကို ဝိုင်းပြီးသွယ်တန်းပြီးသုံးစွဲတဲ့စနစ်မျိုးလည်း ရှိပါတယ်။ အခု တင်ပြမယ့် ဒီမေးခွန်းမှာတင်ပြထားတဲ့အကြောင်းအရာကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုခဲ့ပြီး အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာမှာ ကျေးရွာထိပ် ဘုန်းကြီးကျောင်းမှာ ဆိုလာပြားရှစ်ချပ်၊

ဘတ္တရီလေးလုံးနဲ့ ရှာလယ်မှာ ဆိုလာပြားရှစ်ချပ်၊ ဘတ္တရီလေးလုံးနဲ့ အိမ်ခြေပေါင်း ၂၅၄ အိမ်ကနေ ဝိုင်းဝန်းသွယ်တန်းပြီးတော့ ဆွဲခဲ့တဲ့ဆိုလာ System ပဲဖြစ်ပါတယ်။ ဒါကို ၄၈.၂၆၀ သန်း ချထားခဲ့ပါတယ်။ ဒါကို ကုမ္ပဏီက လုပ်ပိုင်ခွင့်ရတဲ့ကုမ္ပဏီကနေပြီးတော့ လုပ်ခဲ့တဲ့နေရာမှာ ခုနစ်ရက်သာ မီးလင်းခဲ့ပြီးတော့ အခု ဒီမေးခွန်းကို စတင်တင်သွင်းတဲ့အချိန်အထိ လုံးဝမီးမလင်းခဲ့ပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သက်ဆိုင်ရာကုမ္ပဏီက လုပ်ငန်းအပ်နှံခြင်းသဘောတူစာချုပ်ပါအချက် အပိုဒ် ၁၄ မှာ အာမခံနဲ့ လုပ်ငန်းလက်ခံလွှဲပြောင်းတဲ့နေ့ကစပြီး ကျေးလက်မီးလင်းရေးလုပ်ငန်းအား နှစ်နှစ်အတွင်း ပျက်စီးယိုယွင်းမှုများရှိပါက လုပ်ငန်းလက်ခံလုပ်ကိုင်သူမှ မိမိစရိတ်ဖြင့် ပြန်လည်ပြုပြင်ရမယ်လို့ ပါဝင်သော်လည်း လာရောက်ကြည့်ရှုရုံသာကြည့်ရှုပြီး ပြန်လည်ပြုပြင်ပေးခဲ့ခြင်းမရှိခဲ့ပါဘူး။ သို့သော် ၁၈-၃-၂၀၁၇ ရက်စွဲနဲ့ အိမ်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံ ပြန်လည်ပြင်ဆင်ပြီးကြောင်း အကြောင်းကြားခဲ့ပါတယ်။ အခု စတုတ္ထပုံမှန်အစည်းအဝေးပိတ်ရက်မှာ သွားစစ်တဲ့အခါမှာလည်း ပုံမှန်ပြန်လည်မီးလင်းနေတာကို တွေ့ရပါတယ်။ ဒီလိုပဲ အိမ်မဲမြို့နယ်၊ ပွဲစားကုံညင်းတန်းကျေးရွာမှာ အဲဒီအဆိုပါကုမ္ပဏီကပဲ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နဲ့ အိမ်ခြေ ၃၉၀၊ ၇၄.၁၀၀ သန်းနဲ့ လုပ်ခဲ့တဲ့လုပ်ငန်းကတော့ အခုထက်ထိ ပြန်လည်မီးလင်းသေးတာမရှိပါဘူး။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ အဲဒီကုမ္ပဏီက ရွာသားတွေကို ဘုတ်တစ်ဘုတ်ကို ငွေခုနစ်သိန်းပေးရမယ်။ ဒါမှ လာပြင်ပေးမယ်ဆိုပြီးတော့ လာရောက်ညှိနှိုင်းခဲ့တာရှိသလို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်က သက်ဆိုင်တဲ့ပုဂ္ဂိုလ်ကလည်း တိုင်နဲ့ကြိုးတွေကို ကျေးရွာအလိုက် အကုန်အကျခံနိုင်သလားလို့ လာရောက်ညှိနှိုင်းတာလည်းရှိပါတယ်။ သို့သော် ပွဲစားကုံညင်းတန်းကျေးရွာက ကျေးရွာသူကျေးရွာသားတွေကတော့ တာဝန်ယူတဲ့ကုမ္ပဏီကို စာချုပ်ပါအတိုင်း ပြင်ဆင်စေလိုကြောင်းပဲ ပြန်ပြီးသတိပေးခဲ့တာရှိပါတယ်။ နိဂုံးချုပ်အားဖြင့် စာချုပ်ပါအချက်အလက်ကို ဖောက်ဖျက်တဲ့ အဆိုပါကုမ္ပဏီကဲ့သို့ အခြားကုမ္ပဏီတွေ၊ ဘတ်ဂျက်အလွဲသုံးစားပြုထားတဲ့ အခြားကုမ္ပဏီတွေကို မည်ကဲ့သို့အရေးယူမလဲဆိုတာ သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအနေနဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝမှာ လိုအပ်ချက်ရှိဆဲဖြစ်တဲ့ ကျေးလက်မီးလင်းရေးလုပ်ငန်းအတွက် ယခုလို ဒေသအတွင်းကွင်းဆင်းစစ်ဆေးပြီး မေးမြန်းလာတဲ့မေးခွန်းအပေါ် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးတွေမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွေက ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းတွေကို တင်ဒါခေါ်ယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာ အစိုးရအဖွဲ့တွေရဲ့သဘောတူခွင့်ပြုချက်ရယူပြီး လုပ်ငန်းများအပ်နှံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၆၅၈၀ နဲ့ လျှပ်စစ်မီးသွယ်တန်းခြင်းကို ကျေးရွာ ၂၆ ရွာ၊ ဆိုလာစနစ်နဲ့ ကျေးရွာ ၁၉၃ ရွာ စုစုပေါင်း ကျေးရွာ ၂၁၉ ရွာတို့မှာ ဆောင်ရွက်ခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်အတွင်း ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၇၉.၂၃ သန်းနဲ့ ဆိုလာမီးလင်းရေးစနစ် ကျေးရွာခြောက်ရွာအနက် Golden Key Co.,Ltd ကနေပြီးတော့ တာကုန်း(အရှေ့)ရွာ၊ ရိုးကြီးရွာ၊ ခလောက်သိုက်ရွာတို့အားလည်းကောင်း၊ လဝန်းသစ္စာကုမ္ပဏီက ရွာသစ်ရွာ၊ ပွဲစားကုံညင်းတန်းရွာနှင့် ပါရမီဒေါင့်ရွာတို့ကိုလည်းကောင်း တင်ဒါစနစ်နဲ့ လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းက ကျေးလက်မီးလင်းရေးတင်ဒါတွေခေါ်တဲ့အခါမှာ ဆိုလာပြားတွေက ၁၀ နှစ်အာမခံရှိရပြီးတော့ System တစ်ခုလုံးရဲ့အာမခံကာလဟာ နှစ်နှစ်ဖြစ်ရပါမယ်။ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာနှင့် ပွဲစားကုံညင်းတန်းကျေးရွာတို့မှာ ဆောင်ရွက်ပေးခဲ့တဲ့ ဆိုလာမီးလင်းရေးစနစ်ဟာ ဗဟိုဖြန့်ဖြူးရေးစနစ်(Centralize System)နဲ့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှာ တပ်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ ရွာသစ်ကျေးရွာမှာရှိတဲ့

အိမ်ခြေ ၂၅၈ လုံး ဆိုလာမီးလင်းရေးကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှာ မီးမလင်းတော့ကြောင်းတင်ပြချက်အရ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ တပ်ဆင်ထားတဲ့ ဆိုလာ ၁၆ ချပ်က ကောင်းမွန်နေပြီးတော့ ဘတ္ထရီရှစ်လုံးနှင့် မီးလုံး ၂၀၀ ဟာ ပျက်စီးနေကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒ့ါအပြင် ပွဲစားဂုံညင်းတန်းကျေးရွာ အိမ်ခြေ ၃၉၀ မှာ ဆိုလာမီးလင်းရေးအတွက် တပ်ဆင်ထားတဲ့ ဆိုလာ ၂၄ ချပ်က ကောင်းမွန်နေပြီးတော့ ဘတ္ထရီ ၁၂ လုံးနှင့် မီးလုံး ၁၇၆ လုံးတို့ဟာ ပျက်စီးနေကြောင်း တွေ့ရှိခဲ့ရပါတယ်။အဆိုပါ ပျက်စီးမှုတွေကို တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ စစ်ဆေးရေးအဖွဲ့နဲ့ မြေပြင်အမှန်ပျက်စီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့တဲ့အခါမှာ တပ်ဆင်ထားတဲ့ ဘတ္ထရီအမျိုးအစားတွေက မော်တော်ယာဉ်သုံး Lead Acid Battery(Liquid)များဖြစ်တဲ့အတွက် ပုံမှန်အားဖြင့် တစ်နှစ်သာခံတဲ့အခြေအနေဖြစ်သော်လည်းပဲ စာချုပ်မှာ နှစ်နှစ်အာမခံထားကြောင်း၊ သတ်မှတ်ဝန်အားထက် ပိုမသုံးဖို့ စည်းကမ်းချမှတ်ထားသော်လည်း ဝန်အားတိုင်းမီတာဖြင့် တိုင်းတာချက်အရ သတ်မှတ်ဝန်အားထက်ကျော်လွန်သုံးစွဲခဲ့တာကို တွေ့ရှိရပါတယ်။ စာချုပ်ပါစည်းမျဉ်းစည်းကမ်းတွေအရ တပ်ဆင်ထားတဲ့ဆိုလာနှင့် ဆက်စပ်ပစ္စည်းတွေဟာ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်ဆီးခဲ့လျှင်သော်လည်းကောင်း၊ သုံးစွဲသူများမှ သတ်မှတ်ဝန်အားထက်ပိုမိုသုံးစွဲမှုကြောင့် ပျက်စီးခဲ့လျှင်သော်လည်းကောင်း ကုမ္ပဏီမှ ပြန်လည်ပြုပြင်ပေးရန်မလိုအပ်သော်လည်းဘဲ လုပ်ငန်းအာမခံသက်တမ်းအတွင်း တပ်ဆင်ထားတဲ့စနစ်၊ ပစ္စည်းများချို့ယွင်းမှုကြောင့် ပျက်စီးခဲ့ရင် ကုမ္ပဏီမှပြန်လည်ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ နောင်မှာ သုံးစွဲသူများအမှားကြောင့် ပျက်စီးမှုမဖြစ်ပေါ်ဖို့လည်း သုံးစွဲသူတွေ လိုက်နာရမည့်အချက်တွေကိုလည်းပဲ ကျေးရွာနေထိုင်သူတွေကို အသိပညာပေးသင်တန်းများ ပို့ချဆောင်ရွက်ပေးလျက်ရှိပါတယ်။

တင်ပြပါ အတွေ့အကြုံအခက်အခဲတွေကို သင်ခန်းစာရယူပြီးတော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစပြီး ကျေးလက်မီးလင်းရေးလုပ်ငန်းတွေကို တစ်မျိုးသားလုံးလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(National Electricity Project)စီမံကိန်းအရ ကမ္ဘာ့ဘဏ်ရဲ့ Guide Line နှင့်အညီ နိုင်ငံတကာကဝင်ရောက်ယှဉ်ပြိုင်တဲ့ International Competition Bidding Method နဲ့ တင်ဒါခေါ်ယူပြီးတော့ နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေရဲ့ ပစ္စည်းအရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး စိစစ်ရွေးချယ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပစ္စည်းတွေရဲ့ အာမခံသက်တမ်းအနေနဲ့လည်းပဲ Solar PV ကို ၁၀ နှစ်၊ Battery ကို သုံးနှစ်၊

Controller ကို သုံးနှစ်၊ မီးလုံးနှင့်ဖန်ချောင်းကို သုံးနှစ်စသည်ဖြင့် သတ်မှတ်ထားပြီး အာမခံနှစ်တွေကို စာချုပ်မှာဖော်ပြချုပ်ဆိုစေခဲ့ပါတယ်။ သုံးစွဲမယ့် ဆိုလာစနစ်နှင့်ပတ်သတ်ပြီး ပစ္စည်းအရည်အသွေးအား နမူနာစစ်ဆေးခြင်း၊ Pilot ကျေးရွာများ ကနဦးစမ်းသပ်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်မီမှ အပြီးသတ်တပ်ဆင်ခြင်းတို့ကို အဆင့်ဆင့်စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တပ်ဆင်ပြီးပစ္စည်းအရည်အသွေးစစ်ဆေးရာမှာလည်း နိုင်ငံတကာပညာရှင်များနဲ့ ပူးပေါင်းပြီး Third Party အဖွဲ့များနဲ့ စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်တဲ့ကုမ္ပဏီတွေ စာချုပ်ပါစည်းမျဉ်းစည်းကမ်းနှင့် အာမခံဖောက်ဖျက်ပါက တင်ဒါစည်းမျဉ်းစည်းကမ်းပါ စာချုပ်စည်းကမ်းအတိုင်း တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါဆွဲဝယ်ယူခွင့်ပိတ်သိမ်းသွားမှာဖြစ်ပြီးတော့ ကုမ္ပဏီကိုလည်း အမည်ပျက်စာရင်း (Black List)ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ လိုအပ်လို့ရှိရင်လည်း တရားစွဲဆိုခြင်းအထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာနှင့် ပွဲစားကုံညင်းတန်းကျေးရွာတို့ရဲ့ ဆိုလာမီးလင်းရေးလုပ်ငန်းပျက်စီးမှုတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ပြုပြင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာပြည်သူများအနေနဲ့လည်းပဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပေါင်းစပ်ပြီး ကူညီထိန်းသိမ်းရေးကို ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ ဒီမှာ ကျွန်မရဲ့မေးထားတဲ့မေးခွန်းမှာလည်း မည်သို့အရေးယူမလဲလို့ပါပါတယ်။ ဒါပေမဲ့ အခုပြောထားတဲ့အထဲမှာ Black List ဆိုတာ တကယ်တော့ Black List ဆိုတာ ပြီးပြည့်စုံတဲ့အရေးယူမှုတစ်ခုမဟုတ်ပါဘူး။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အင်္ကျီတစ်ထည်ကနေ နောက်တစ်ထည်ကို ပြောင်းဝတ်ရုံလောက်သာ သူတို့အတွက် လုပ်နိုင်တဲ့အရာပါ။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာရှိပြီးသား ဥပဒေတွေရှိပါတယ်။ ရာဇဝတ်မှုအကြောင်းတွေ၊ တရားမမှုအကြောင်းတွေနဲ့ တရားစွဲလို့ရပါတယ်။ အခုလည်း ဒီလိုပဲ ဝန်ကြီးကပြောသွားတဲ့အတွက်

ဘယ်အချိန်မှာ တရားစွဲမလဲ။ ဒါဟာ ဒီလို ဘတ်ဂျက်အလွဲသုံးစားလုပ်တဲ့အရာတွေကို ဟန့်တားနိုင်မှာ ဖြစ်တဲ့အတွက်၊ အရေးယူမယ်လို့လည်းပြောတဲ့အတွက် ဘယ်အချိန်မှာ တရားစွဲမလဲဆိုတာကို ကျွန်မတို့ သိလိုပါတယ်။ နောက်တစ်ခုက အခုရွာသစ်ကျေးရွာမှာ ပြင်ဆင်ပေးထားတဲ့ ဆိုလာမီးပြင်ဆင်မှုဟာ ဘယ်ဘတ်ဂျက်ကနေ သုံးထားသလဲဆိုတာလည်း သိလိုပါတယ်။ ဒါကို ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ မေးမြန်းတဲ့ တင်ဒါစည်းမျဉ်းစည်းကမ်းဖောက်ဖျက်တဲ့ ကုမ္ပဏီတွေနဲ့စပ်လျဉ်းပြီး အမည်ပျက်စာရင်းတင်သွင်းသွားဖို့ကိစ္စနဲ့ တရားစွဲဖို့ကိစ္စကို သက်ဆိုင်ရာ တိုင်းဒေသကြီးကျေးလက်နဲ့ ပြန်လည်ညှိနှိုင်းစိစစ်ပြီး အသိပေးပြန်လည်တင်ပြပေးမှာဖြစ်ပါတယ်။ ယခု သုံးစွဲသွားတဲ့ ဘတ်ဂျက်ကတော့ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ စတင်သုံးစွဲခြင်းလား၊ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ စတင်သုံးစွဲခြင်းလားဆိုတာကိုတော့ ကျွန်တော် ပြန်လည်စိစစ်ပြီးတော့ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာကို ပြန်လည်အသိပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကြို့ပင်ကောက်-အလယ်ကုန်း-ကျစွာ ရန်အောင်မြင်ဘုရားလမ်းမကြီးအား ပြန်လည်ပြုပြင်ပေးရန်နှင့် ၎င်းလမ်းမကြီးနှင့်ပတ်သက်၍ အလုံးစုံစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးငွေမင်းသိန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးငွေမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွေမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းကတော့ ကျေးလက် ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပိုင်းနဲ့ဆက်စပ်တဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကလည်း ၅-၁၂-၂၀၁၆ ခုနှစ် တတိယပုံမှန်အစည်းအဝေးကတည်းက တင်သွင်းခဲ့တဲ့ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကြို့ပင်ကောက်-အလယ်ကုန်း-ကျစွာ

ရန်အောင်မြင်ဘုရားလမ်းဟာဆိုလို့ရှိရင် မြို့ရဲ့အရှေ့ဘက်မှာရှိတဲ့ တစ်ခုတည်းသောလမ်းမကြီးဖြစ်ပြီးတော့ ခရိုင်ချင်းဆက်လမ်းနဲ့ ဆက်စပ်နေတဲ့လမ်းမကြီးလည်းဖြစ်ပါတယ်။ မိုင်ပေါင်း ၁၂ မိုင်ရှည်လျားပြီး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဟံသီရိနှင့် Famous Traid စသည့်ကုမ္ပဏီနှစ်ခုတို့ကနေပြီးတော့ ရန်ပုံငွေ ၈၃၆၄ သိန်းဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိခဲ့ရပါတယ်။ ၎င်းလမ်းမကြီးမှာ တစ်နှစ်အတွင်းမှာပဲ အရည်အသွေးမပြည့်မီတဲ့အတွက်ကြောင့် ကျောက်ချောလမ်းမကြီးကနေ ကျောက်ကြမ်းလမ်းမကြီးအဖြစ်သို့ရောက်ရှိပြီးတော့ အဲဒီကျေးရွာအုပ်စု ရှစ်အုပ်စုကဒေသခံတွေ သွားလာရာမှာ အခက်အခဲတွေဖြစ်နေတဲ့အတွက်ကြောင့် မကြာမီ လမ်းဆိုးလမ်းပျက်အဖြစ်သို့ရောက်ရှိသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိပြီးတော့ ကျွန်တော့်ဆီကို တိုင်ကြားစာတွေ၊ ကန့်ကွက်စာတွေနဲ့ တင်ပြလာတာရှိပါတယ်။ အဲဒီအခါ ကျွန်တော် ဆက်သွယ်တဲ့အခါကျတော့ ကုမ္ပဏီနှစ်ခုအနက် တစ်ခုကလည်း ပျက်သွားပြီဖြစ်ကြောင်းသိရှိရပါတယ်။ ယခုအခါမှာတော့ သိန်း ၄၀ ဖိုးလောက်နဲ့ညီမျှတဲ့ မြေနီအပေါ်ယံလွှာကိုဖုံးအုပ်ထားပြီးလည်း ဖြစ်ပါတယ်။

နောက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ရေကျော်၊ ရေကြီးတဲ့နေရာတွေအတွက်ဆိုပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သိန်းပေါင်း ၁၂၀။ ပြင်/ထိန်းအနေနဲ့ သိန်း ၄၅၃ သိန်းနဲ့ပြင်ဆင်ထားခဲ့လို့ အခုနေမှာတော့ လမ်းကကောင်းနေပါပြီ။ သို့သော်လည်း ဒေသခံတွေက သူတို့လိုအပ်ချက်ကတော့ ဒီကုမ္ပဏီနှစ်ခုကို သူတို့ရဲ့တန်ဖိုးငွေနှင့်အရည်အသွေးမီတဲ့ ထိုက်ထိုက်တန်တန် ပြန်လည်ပြုလုပ်ပေးစေတဲ့ဆန္ဒတွေရှိနေပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ၈၃၆၄ သိန်းအကုန်အကျခံပြီးတော့ ပျက်စီးသွားတဲ့လမ်းမကြီးကို သူတို့အနေနဲ့ ထိုက်ထိုက်တန်တန် ပြန်လည်ပြင်ဆင်ပေးဖို့အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းရဲ့

မေးခွန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ကြို့ပင်ကောက်-အလယ်ကုန်း-ကျစ္စာရန်အောင်မြင်ဘုရားလမ်းမကြီး ကျောက်ချောလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဟံသီရိကုမ္ပဏီမှ ၆ မိုင်နှင့် Famous Traid ကုမ္ပဏီမှ ၆ မိုင် စုစုပေါင်း ၁၂ မိုင်တို့အား ကုမ္ပဏီနှစ်ခုကို အပိုင်းလိုက်ဆောင်ရွက်ပေးဖို့အတွက်ကို တာဝန်ပေးဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးတဲ့အချိန်ကစပြီး ကြို့ပင်ကောက်မြို့ရဲ့ မြို့အရှေ့ဘက်ခြမ်းမှာရှိတဲ့ ရွာ ၄၁ ရွာတို့က သံဘီးတပ်လှည်းတွေ၊ တန်ပိုယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်းကြောင့် ၂၀၁၅ ခုနှစ် မိုးရာသီမှာ လမ်းများပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့အတွက် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုမ္ပဏီများညှိနှိုင်းပြီး လမ်းပျက်စီးမှုမဖြစ်ပေါ်စေရေးနှင့် တန်ပိုယာဉ်များဖြတ်သန်းသွားလာခြင်းမရှိစေရေးအတွက် အတားအဆီးဆိုင်းဘုတ်များ စိုက်ထူအသိပေးဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဒေသခံပြည်သူများမှ ဖယ်ရှားပစ်ခြင်းကြောင့် လမ်း၊ တံတားတွေထိန်းသိမ်းဖို့ အခက်အခဲများဖြစ်ပေါ်ခဲ့ရကြောင်း စိစစ်သိရှိရပါတယ်။

၂၀၁၆ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာတဲ့အတွက် (၀/၄)မိုင်မှ (၂/၄)မိုင်အတွင်း ၁ မိုင်ခန့် လမ်းမပေါ် ရေကျော်၊ ရေလွှမ်း သဘာဝဘေးအန္တရာယ်များကြောင့် အပေါ်ယံလွှာ(အပွန်းခံလွှာ)တချို့ ပျက်စီးဖြစ်ပေါ်ခဲ့တဲ့အခါမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်အပိုင်းတွေမှာ အပေါ်ယံလွှာပျက်စီးမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုမ္ပဏီမှတာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေးသဘောတူညီချက်အရ ဟံသီရိကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ၆ မိုင်အတွင်းမှာရှိတဲ့ (၄/၀)မိုင်ကနေ (၆/၀)မိုင်ကြား အပေါ်ယံလွှာပျက်စီးခဲ့တဲ့လမ်း (၂/၀)မိုင်ပြုပြင်ဖို့နှင့် Famous Traid ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ၆ မိုင်အတွင်း အပေါ်ယံပျက်စီးသွားသောလမ်း (၂/၀)မိုင်ပြုပြင်ဖို့လုပ်ငန်းတွေကို သက်ဆိုင်ရာကုမ္ပဏီများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ညှိနှိုင်းပြုပြင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါလမ်းအသုံးပြုမှုမှာ တန်ပိုယာဉ်ဖြစ်တဲ့ သစ်တင်ကား၊ မီးသွေးတင်ကား၊ ဝါးတင်ကား၊ စပါးတင်ကားများ နေ့စဉ် ဖြတ်သန်းသွားလာလျက်ရှိတဲ့အတွက်ကြောင့် ပြင်ဆင်ပြီး အပေါ်ယံလွှာများ ပြန်လည်ပျက်စီးနိုင်မည်ဖြစ်သော

ကြောင့် ဒေသခံပြည်သူများအနေနဲ့လည်းပဲ စည်းကမ်းတကျလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှင်းလင်းဆွေးနွေးမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မှာ တင်ပြရန်အချက် (၂)ချက်ရှိပါသဖြင့် တင်ပြခွင့်ပြုပါရန် ရှေးဦးစွာပန်ကြားအပ်ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းသည့်အဆို တစ်ရပ်ကို တင်သွင်းခဲ့ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား ကျွန်တော်မှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အဲဒီလို ရှင်းလင်းဆွေးနွေးခဲ့ရာမှာ အခြား အချက်အလက်များတွင် အောက်ပါအချက်တစ်ရပ်လည်း ပါရှိခဲ့ပါတယ်။ အဲဒါကတော့ တရားစီရင်ရေး ကဏ္ဍတိမ်းစောင်းနေမှုအား ကြပ်မတ်ထိန်းကျောင်းပေးနိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ တိုက်တွန်းတဲ့အဆိုရဲ့ နိဂုံးပိုင်းမှာ တရားစီရင်ရေးကဏ္ဍမှာ အကျင့်ပျက်ခြစားမှုများကြောင့် ယိုယွင်း အားနည်းမှုများ ယိမ်းယိုင်တိမ်းစောင်းမှုများဖြစ်ပေါ်နေခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော် ချုပ်က ထိန်းကျောင်းပေးနိုင်ပါရန် တိုက်တွန်းကြောင်းလို့ ပါရှိပါကြောင်း အဲဒါဟာ တရားစီရင်ရေး ကဏ္ဍမှာ အကျင့်ပျက်ခြစားမှုများကြောင့် ယိမ်းယိုင်တိမ်းစောင်းမှုများဖြစ်ပေါ်နေတယ်လို့ စွပ်စွဲထား

ခြင်းဖြစ်တဲ့အတွက် အဲဒီလို တရားရုံးများရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ စွပ်စွဲပြောဆိုမှုများဟာ တရားရုံးများကို မထီမဲ့မြင်ပြုရာရောက်ပါကြောင်း လေးစားစွာပြောကြားအပ်ပါတယ်လို့ တင်ပြမိခဲ့ပါတယ်။

ဆက်လက်ပြီးတော့လည်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ အခန်း(၁၇) အပိုဒ် ၁၅၈ အပိုဒ်ခွဲ(ခ)မှာ မဆီလျော်တဲ့အကြောင်းပြချက်များ၊ ခိုင်လုံသောအထောက်အထားမပါရှိတဲ့ ယူဆချက်များ၊ မသင့်လျော်သောအသုံးအနှုန်းများနဲ့ ဂုဏ်သရေကိုထိခိုက်စေတဲ့ ဖော်ပြချက်များမပါရှိသော အဆိုဖြစ်ရမယ်လို့ အတိအလင်းတားမြစ်ထားကြောင်း အထောက်အထားမခိုင်လုံဘဲ အကျင့်ပျက်ခြစားမှုများကြောင့် တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေတယ်ဆိုတဲ့အဆိုကို နောက်တရားရုံးများကို ဂုဏ်သိက္ခာထိခိုက်စေတာမရှိတော့ကြောင်းနှင့် ဒါကြောင့် တရားစီရင်ရေးကဏ္ဍတိမ်းစောင်းနေတဲ့အဆိုဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ အပိုဒ် ၁၅၈ အပိုဒ်ခွဲ(ခ)နှင့် ဆန့်ကျင်နေပါကြောင်း ဒါကြောင့် ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို အလေးအနက်ထားပြီးတော့ လေးစားလိုက်နာပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မူလကတင်ပြရန်မရှိသော်လည်း ဖော်ပြပါအတိုင်း ဥပဒေပြဋ္ဌာန်းချက်ကို တင်ပြခဲ့ပါတယ်။ အဲဒီလို ဥပဒေပြဋ္ဌာန်းချက်ကို တင်ပြခဲ့တဲ့နေရာမှာ တင်ပြပုံအားနည်းမှုကြောင့် နားလည်မှုများလွဲမှားစေရန် ဖြစ်ပေါ်စေခဲ့ပါတယ်။ အမှန်အားဖြင့် ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ထိခိုက်စေရန်၊ နစ်နာစေရန် ပြောဆိုဖို့ရည်ရွယ်ချက်လုံးဝမရှိပါဘူး။ ဆန္ဒလည်း မရှိပါဘူး။ ရည်ရွယ်ချက်နှင့်ဆန္ဒမရှိသော်လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ထိခိုက်နစ်နာစေမှုများ ဖြစ်ပေါ်စေခဲ့တဲ့အတွက် ကျွန်တော်၏ဆွေးနွေးချက်များထဲမှ အထက်ပါအချက်များကို ပြန်လည်ရုပ်သိမ်းလိုပါတယ်။ ဒါကြောင့် ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် မှတ်တမ်းတင်ထားခြင်းမှ ပယ်ဖျက်ပေးပါရန် ပထမအချက်အနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဒုတိယအချက်အနေနဲ့ ဖော်ပြပါဆွေးနွေးတင်ပြခဲ့မှုများနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အပေါ် နားလည်ခွင့်လွှတ်ပေးပါရန် တင်ပြလိုပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့မှာ တင်သွင်းတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ပြန်လည်ဆွေးနွေးတင်ပြခဲ့တဲ့ အချက်များနဲ့ပတ်သက်ပြီး ကျွန်တော့်မှာသာ တာဝန်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေးစားပါတယ်။ ဒါကြောင့် ပြည်သူ့

**မူကြမ်း**

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ထိခိုက်စေရန်၊ နစ်နာစေရန် ရည်ရွယ်ချက်မရှိဘဲ မထင်မှတ်ဘဲ ဖြစ်ပွားခဲ့တဲ့ကိစ္စရပ်ကို ခွင့်လွှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစဉ်အလာအားဖြင့် မဏ္ဍိုင်ကြီးနှစ်ရပ်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်တို့ဟာ အတူတကွပူးပေါင်းခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုလုပ်ပြီးတော့ တိုင်းပြည်တာဝန်ကို လက်တွဲထမ်းဆောင်ခဲ့ကြပါတယ်။ ဒါကြောင့် ထိခိုက်နစ်နာစေရန်ရည်ရွယ်ချက်မရှိဘဲ တင်ပြပြောဆိုမိခဲ့တဲ့ကိစ္စရပ်လေးကို ဖြစ်တတ်သောသဘာဝအဖြစ် ခွင့်လွှတ်ပေးပြီး ယခင်ကထက် ချစ်ခင်ရင်းနှီးစွာဖြင့် မဏ္ဍိုင်ကြီးနှစ်ရပ်တို့ အစဉ်အလာမပြတ် အတူတကွ လက်တွဲဆောင်ရွက်သွားကြပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးသိန်းထွန်း၊ သာပေါင်းမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း လွန်ခဲ့သော နှစ်(၈၀)ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ သာပေါင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ (၃၀-၁-၂၀၁၇) ရက်နေ့တွင် တင်သွင်းသွားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ်(၈၀)ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိတောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့် ကိုယ်စားလှယ်သုံးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းကနေပြီး ရှေးဦးပဏာမ မေတ္တာပို့သအပ်ပါတယ်။ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတင်သွင်းသွားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နှစ်ပေါင်း(၈၀)ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကို ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိတောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်ရဲ့အဆိုကို လေ့လာကြည့်တဲ့အခါမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ အခွန်တော်ရရှိရေးအတွက်ပါသလို၊ အခွန်ထမ်းဆောင်မည့် တောင်သူလယ်သမားတွေအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးဆိုတဲ့ အချက်ကိုထည့်သွင်းထားတာဟာ တောင်သူလယ်သမားဦးကြီးများအတွက် အလေးထားစဉ်းစားထားကြောင်း တွေ့ရှိရပါတယ်။ သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ ပြည်သူကရွေးချယ်ပေးလိုက်တဲ့အစိုးရသစ်လက်ထက်ရောက်မှ ဆင်းရဲသားတောင်သူလယ်သမားတွေရဲ့ဘဝ၊ အခွန်တွေတိုးပေးရတော့မည်ဆိုပြီးတော့ ငါတို့တော့ဆင်းရဲသားနင်းပြားဘဝက လွတ်မှာမဟုတ်တော့ဘူးလို့ တွေးတောနေတဲ့သူတွေလည်း ရှိကောင်းရှိမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျေးဇူးရှင်တောင်သူဦးကြီးများရဲ့ကိုယ်စား အဆိုရှင်ရဲ့အဆိုကို ဝင်ရောက်ဆွေးနွေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ ပထမဦးဆုံးအချက်အနေနဲ့ မြေခွန်နှင့်ပတ်သက်လို့ ကျွန်တော်လေ့လာတွေ့ရှိရသလောက်တင်ပြရမယ်ဆိုလျှင် ယာမြေမှာ တစ်ကျပ်၊ တစ်ကျပ်ခွဲကနေ နှစ်ကျပ်ဆိုပြီးတော့ နှုန်းထားများသတ်မှတ်ကောက်ခံနေကြောင်း လယ်မြေမှာဆိုရင် မြေမျိုးအလိုက် မြေအကောင်းဆုံးကို သုံးကျပ်၊ မြေအသင့်ကို နှစ်ကျပ်နှင့် မြေအညံ့ဆုံးကို တစ်ကျပ်ဆိုပြီးတော့ နှုန်းထားများသတ်မှတ်ပြီးတော့ ကောက်ခံနေကြောင်း လေ့လာတွေ့ရှိရပါတယ်။

**မူကြမ်း**

ကြေးတိုင်စိုက်မထားတဲ့ ယာမြေများဆိုလို့ရှိရင် တစ်ဧကကို တစ်ကျပ်နှုန်း၊ ကြေးတိုင်မစိုက်ဘဲထားတဲ့ လယ်မြေများဆိုရင် တစ်ဧကကို သုံးကျပ်နှုန်းဆိုပြီးတော့ နှုန်းထားများသတ်မှတ်ပြီး ကောက်ခံနေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒီအခွန်နှုန်းတွေကို ကောက်တဲ့အခွန်ပြေစာတွေရဲ့ တန်ဖိုးကိုကြည့်မယ်ဆိုရင် အနည်းဆုံးခြောက်ကျပ်ကနေပြီးတော့ ရှစ်ကျပ်အထိရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါကိုနှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကောက်ခံရရှိတဲ့အခွန်နှင့် အခွန်ပြေစာရွက်ရဲ့တန်ဖိုးဟာ များစွာကွာခြားနေပြီး နိုင်ငံတော်ကနေပြီးတော့ အရှုံးခံပြီး အခွန်တွေကောက်ခံနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ တကယ်တော့ တောင်သူလယ်သမားများအတွက် နိုင်ငံတော်မှနှစ်စဉ်အရှုံးခံပြီးတော့ အခွန်စာရွက်တွေထုတ်၊ အခွန်ကောက်ခံတော့လည်း ကျေးရွာရှင်တောင်သူဦးကြီးများရဲ့ ဘဝအခြေအနေမှာ ထူးခြားစွာပြောင်းလဲမှုမရှိကြောင်း ဆင်းရဲလျက်ရှိနေတာကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးအသိပဲ ဖြစ်ပါတယ်။ ယနေ့ခေတ်ကာလတန်ဖိုးနဲ့တွက်မယ်ဆိုရင် လယ်မြေတစ်ဧကကို သိန်း ၂၀ ဝန်းကျင်လောက်တန်ဖိုးရှိနေပြီး သိန်း ၂၀ လောက်တန်တဲ့လယ်မြေရဲ့ တစ်နှစ်စာအခွန် ဆောင်ရတဲ့နှုန်းထားဟာ အများဆုံးသုံးကျပ်နှုန်းလို့ သတ်မှတ်ထားတဲ့အတွက် ဒီအခွန်စာရွက်တွေကို တောင်သူဦးကြီးများအနေနဲ့ အလေးထားတန်ဖိုးထားခြင်း မရှိတော့ပါဘူး။

ဒါကြောင့်လည်း နိုင်ငံအနှံ့ လယ်ယာမြေအငြင်းပွားမှုတွေ ဒုနဲ့ဒေးဖြစ်ပေါ်လျက်ရှိပါတယ်။ အခွန်ကောက်ဝန်ထမ်းတွေအနေနဲ့လည်း မိမိကောက်ခံရမည့်အခွန်ပြေစာတွေဟာ ကွမ်းဖိုး၊ ဆေးလိပ်ဖိုးတောင်မရှိတဲ့အတွက် အပင်ပန်းခံပြီးတော့ နယ်တွေကိုမဆင်းတော့ဘဲနဲ့ အိတ်ထဲကနေစိုက်ပြီးတော့ ပေးနေကြရတာတွေရှိနေပါတယ်။ အဆိုရှင်တင်ပြသွားသလို တောင်သူဦးကြီးများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော နှုန်းထားများဖြင့် သတ်မှတ်ပြီးတော့ ကောက်ခံသွားမည်ဆိုလျှင် တောင်သူတွေအတွက် မိမိတို့လယ်ယာမြေရဲ့အခွန်တွေကို နှစ်စဉ်ကြည်ဖြူစွာ ထမ်းဆောင်သွားမှာဖြစ်ပြီး မိမိထမ်းဆောင်မည့် အခွန်ပြေစာများကိုလည်း တန်ဖိုးထားပြီး စနစ်တကျသိမ်းဆည်းသွားမှာဖြစ်တဲ့အတွက် လယ်ယာမြေအငြင်းပွားမှုပြဿနာများကိုလည်း လျော့ပါးလာမှာဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ရေခွန်၊ တာတမံခွန်နဲ့ပတ်သက်ပြီး ဆွေးနွေးရမည်ဆိုလျှင် မူလက ရေခွန်ကို လယ်မြေကို ၁၀ ကျပ်နှုန်းဖြင့် ကောက်ခံပြီး အခြားသီးနှံစိုက်တဲ့ မြေများကို ငါးကျပ်ဟုသတ်မှတ်ကာ ကောက်ခံခဲ့ရာကနေပြီးတော့ ယခုဆိုလျှင် ၂၀၀၆၊ ၂၀၀၇ ခုနှစ်ကစပြီး လယ်မြေတစ်ဧကကို ၁၉၅၀ ကျပ်နှင့် အခြားသီးနှံစိုက်တဲ့မြေတွေကို ၉၀၀ ကျပ်ဆိုပြီးတော့နှုန်းထားများသတ်မှတ်ကောက်ခံနေပါ

တယ်။ သို့သော်လည်းပဲ ဒီနှုန်းထားအနေနဲ့ကောက်ခံတဲ့အခါမှာ ပထမတစ်နှစ်၊ နှစ်နှစ်သာကောက်ခံခဲ့တဲ့အတွက် ကျွန်တော်တို့မကွေးတိုင်းဒေသကြီးမှာဆိုလျှင် တောင်သူတွေကနေပြီးတော့ နိုင်ငံတော်ကို ပေးရန် ရေခွန်အတွက် အကြွေးကျပ်သန်းပေါင်း ၅၀၀ ကျော်ခန့်အကြွေးတင်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။

အကယ်၍ အခွန်တွေကို ပြင်ဆင်တိုးမြှင့်ပြီးကောက်ခံမည်ဆိုလျှင်လည်း အခွန်ထမ်းပြည်သူတွေအနေနဲ့ ပေးနိုင်လာအောင် အစိုးရပိုင်းကနေ ကူညီဆောင်ရွက်ပေးဖို့လိုအပ်လှပါတယ်။ ဥပမာ- ရေခွန်တွေကိုတိုးကောက်မယ်ဆိုရင် တောင်သူတွေရေယူရန် အဆင်ပြေစေရေးအတွက် ရေလိုအပ်တဲ့အချိန်မှာ လိုအပ်သလိုပေးနိုင်ဖို့၊ ရေမလိုအပ်တဲ့အချိန်မှာ အလွယ်တကူဖြတ်တောက်နိုင်ဖို့အတွက် ဆည်မြောင်းကနေပြီးတော့ စနစ်တကျပြင်ဆင်ပေးဖို့လည်း လိုအပ်လှပါတယ်။ နိဂုံးချုပ်အနေနဲ့ အဆိုရှင်တင်ပြသွားသလို တောင်သူဦးကြီးများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသောနှုန်းထားဖြင့် ပြောင်းလဲသတ်မှတ်ပြီး ကောက်ခံမည်ဆိုလျှင် ရှေးဦးစွာ တောင်သူဦးကြီးများအနေဖြင့် သတ်မှတ်ထားတဲ့နှုန်းထားနှင့် အခွန်တွေထမ်းဆောင်နိုင်အောင်လို့ အစိုးရဘက်ကနေပြီးတော့ ဦးစွာဖြည့်ဆည်းဆောင်ရွက်ပေးဖို့လိုအပ်သလို အခွန်ထမ်းတောင်သူတွေအတွက် ကျသင့်တဲ့အခွန်ကိုလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထမ်းဆောင်ချင်လာအောင် စည်းရုံးဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုကို ကျောင်းကုန်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးသိန်းထွန်းက ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်မြို့နယ်အတိုင်းအတာနှင့် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ လယ်ခွန်၊ ဥယျာဉ်ခွန်၊ မရင်းခွန်နှင့် တာတမံခွန်(၄)မျိုးကို လက်ရှိကောက်ခံလျက်ရှိပါတယ်။ လယ်နှင့်ပတ်သက်ပြီးတော့ R1

မှာ တစ်ဧကကို နှစ်ကျပ်ခုနစ်ဆယ့်ငါးပြားကနေပြီးတော့ ငါးကျပ်နှစ်ဆယ့်ငါးပြားအထိ၊ R2 မှာ နှစ်ကျပ်နှစ်ဆယ့်ငါးပြားကနေပြီးတော့ သုံးကျပ်ငါးဆယ်ပြားအထိ၊ R3 မှာ တစ်ကျပ်ကနေပြီးတော့ အများဆုံး တစ်ကျပ်ခုနစ်ဆယ့်ငါးပြားအထိ ကောက်ခံလျက်ရှိပါတယ်။ ဥယျာဉ်နှင့်ပတ်သက်ပြီးတော့ မြေအမျိုးအစား G မှာ နှစ်ကျပ်ခွဲကနေပြီးတော့ သုံးကျပ်အထိ လက်ရှိကောက်လျက်ရှိပါတယ်။ မရင်း နှင့်ပတ်သက်ပြီးတော့ GM1 မှာ နှစ်ကျပ်နှစ်ဆယ့်ငါးပြားဖြစ်ပြီးတော့ GM2 မှာတော့ တစ်ကျပ်ကနေ ပြီးတော့ တစ်ကျပ်နှစ်ဆယ့်ငါးပြားအထိ ကောက်ခံလျက်ရှိပါတယ်။ တာတမံခွန်အနေနဲ့ကတော့ သုံးကျပ် ခုနစ်ဆယ့်ငါးပြားကနေပြီးတော့ ငါးကျပ်ကောက်လျက်ရှိပါတယ်။ အဲဒီတော့ တစ်မြို့နယ်လုံး အနေအထားနဲ့ ကောက်ကြီးခွန်နဲ့ပတ်သက်ပြီးတော့ ၁၂၇၀၀၊ ၁၂၇၁၈၉.၇၆ ဧကမှာ အခွန်ရငွေပေါင်း ၅၂၇၃၂၁.၅၀ ပြားဖြစ်ပြီးတော့ တာတမံခွန်နှင့်ပတ်သက်ပြီးတော့ ၁၁၃၃၁.၁၁ ဧကမှာ ၆၉၃၄ ကျပ်ရရှိပါတယ်။ ကိုင်းမရင်းခွန်အနေနဲ့ကတော့ ၅၂၉၇.၃၉ ဧက မှာ ၁၆၅၂၄.၇၅ ကျပ်ရရှိပါ တယ်။ စုစုပေါင်း ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်အနေနဲ့ နှစ်တစ်နှစ်မှာ ၆၄၇၇၉.၂၅ ပြားရရှိပါ တယ်။ အဲဒီတော့ ဒါတွေကို ပျမ်းမျှကြည့်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ကောက်ကြီးခွန်မှာ စုစုပေါင်း တစ်ဧကကို လေးကျပ်လောက်ပဲရှိပါတယ်။ အဲဒီတော့ မြေခွန်နှင့်ပတ်သက်ပြီးတော့ လယ်သမားတွေက ဆောင်ကြတဲ့အခါမှာ ယခင်တုန်းကတော့ ပိုက်ဆံလည်းတန်ဖိုးရှိတယ်။ လယ်တွေ ကလည်း ဈေးသိပ်မများတဲ့အခါမှာ လယ်ခွန်ပြေစာတွေကို လယ်သမားတွေကိုယ်တိုင် လက်ထဲမှာ ရောက်ရှိပါတယ်။ နောက်ပိုင်းမှာတော့ ဒီအခွန်နှုန်းထားတွေက တိုးတက်မှုမရှိဘဲနဲ့ ကျွန်တော်တို့ ဒီအခွန်တွေကို ဘယ်မှာလုပ်သလဲဆိုတော့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာ မြေစာရင်းဝန်ထမ်းတွေက သွားပြီးတော့ တံဆိပ်တုံးရိုက်ပါတယ်။ ဒီတံဆိပ်တုံးကလည်း အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာ ကောလိတ္တာ်အရာရှိရဲ့ တံဆိပ်တုံးကို အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာပဲသိမ်းဆည်းထားပါတယ်။ သိမ်းဆည်းထားပြီးတော့ ဒီတံဆိပ်ခေါင်းတွေကို အထွေထွေအုပ်ချုပ်ရေးမှူးရုံး ကောလိတ္တာ်အရာရှိ နဲ့ရိုက်ပြီးတော့ အဲဒီရဲ့မြေခွန်ပြေစာတွေကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတွေ၊ အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဥက္ကဋ္ဌတွေကိုပေးလိုက်ပါတယ်။ ဒီအချိန်မှာလည်း ငွေကြေးတွေက သိပ်မရှိတဲ့အခါမှာ ဥက္ကဋ္ဌတွေက လယ်သမားတွေဆီကို မပေးတော့ဘဲနဲ့ ဒါသူတို့လက်ထဲမှာကိုင်ထားပြီးတော့ သူတို့ပဲစိုက်ပြီးတော့ ဒါလေးတွေကို ပေးဆောင်လိုက်တဲ့အတွက်ကြောင့် နောက်ပိုင်းမြေခွန်တွေဆိုလို့ရှိရင် လယ်သမားတွေ လက်ထဲမှာ ဒါမရှိဘဲဖြစ်နေပါတယ်။

**မူကြမ်း**

သို့သော်လည်းပဲ အဲဒီမြေခွန်ပြေစာတွေဟာ လယ်ယာမြေပြဿနာဖြစ်ပေါ်လာတဲ့အခါမှာ ကိုယ့်မှာ ကိုယ်ပိုင်ရှိဖို့အတွက် သွားတဲ့အခါကျတော့ ဒီမြေခွန်ပြေစာတွေဟာ တကယ်တမ်းကျတော့ တစ်သောင်း၊ နှစ်သောင်းပေးပြီးတော့ ယူရတဲ့အနေအထားလေးတွေရှိနေပါတယ်။ ဒါက လက်ရှိ အနေအထားလေးကို ပြောခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီဘက်မှာ လယ်ယာမြေခွန်တွေနဲ့ပတ်သက်ပြီးတော့ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲနဲ့ သတ်မှတ်တဲ့ တန်ဖိုး ရှိအောင် ဒါတွေဟာ မြေခွန်တွေကို မြှင့်တင်သွားရမယ်။ အခွန်တွေကို မြှင့်တင်သွားရမယ်။ တောင်သူ တွေလည်း ပေးနိုင်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဦးသိန်းထွန်းက တင်ခြင်းဖြစ်ပါတယ်။ သို့သော် ပတ်ဝန်းကျင်မှာက အွန်လိုင်းထဲတွေမှာ လယ်တစ်ဧကကို တစ်သောင်းလောက်ပေးနေရမယ်။ တချို့မှာ မန္တလေးမှာ လယ်တစ်ဧကကို နှစ်သောင်းလောက်အခွန်လုပ်ပြီးတော့ လူတွေဆန္ဒပြနေတယ်လို့ အွန်လိုင်းတွေမှာ တော်တော်များများတွေ့ရှိနေရတဲ့အတွက်ကြောင့် ကျွန်တော်တို့ နယ်မြေဒေသ ကွင်းဆင်းတဲ့အခါမှာလည်း တောင်သူတွေက ကျွန်တော်တို့ကို မေးကြပါတယ်။ လယ်ခွန်နှင့် ပတ်သက်ပြီး တစ်သောင်းတကယ်ပေးရမှာလား။ တချို့တိုင်းဒေသကြီးမှာ နှစ်သောင်းတွေ ဖြစ်နေကြပြီ ဆိုပြီး ဒီလိုလေး စိုးရိမ်သောကတွေလည်းဖြစ်နေကြပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တင်ခဲ့တဲ့အဆို ထဲမှာလည်း တောင်သူလယ်သမားများရဲ့ ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့ သင့်တင့်လျော်ကန်တဲ့ အခွန်နှုန်းထားများကို အဆိုတင်တဲ့အတွက်ကြောင့် တောင်သူလယ်သမားများလည်း အခွန်နှင့် ပတ်သက်ပြီးတော့ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ကျွန်တော်တို့ဆောင်ရွက်ဖို့ရှိပါတယ်။ ဥပမာအားဖြင့် ပုံစံ(၇)လုပ်တဲ့အခါမှာ ကျွန်တော်တို့ ဦးပိုင်တစ်ခုကို ၅၀၀ နှုန်းပေးသွင်းရသလိုပဲ တောင်သူလယ်သမား တွေက ဒီအခွန်နှင့်ပတ်သက်ပြီးတော့ မူလ နှစ်ပေါင်း ၈၀ ကတည်းက တည်ရှိခဲ့တဲ့ အခွန်တွေကို သင့်တင့်လျော်ကန်တဲ့အခွန်တွေကို တိုးမြှင့်မယ်ဆိုလို့ရှိရင်တော့ တောင်သူလယ်သမားအများစု ကလည်း လက်ခံမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ လယ်ဧကမြောက်မြားစွာ၊ ဧက ၅၀၀၊ ဧက ၁၀၀၀၊ ဧက သောင်းချီပြီးတော့ရှိနေတဲ့၊ လက်ဝယ်ရှိနေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကတော့ မြေခွန်တိုးမှာ ကြိုက်မှာမဟုတ်ပါဘူး။ သို့သော် ကျွန်တော်တို့ရဲ့ လုပ်ကွက်ငယ်တောင်သူလယ်သမားတွေကတော့ ဆယ်ဧကလောက်လယ်သမားတွေ၊ ဆယ်ဧကအထက် ၂၀ ပတ်ဝန်းကျင်လယ်သမားတွေကတော့ သင့်တင့်လျော်ကန်တဲ့ မြေခွန်ကိုပေးနိုင်ကြောင်းဖြစ်တဲ့အတွက်ကြောင့် သာပေါင်းမဲဆန္ဒနယ်က

ဦးသိန်းထွန်းတင်သွင်းတဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးနေဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေဝင်း ဖြစ်ပါတယ်။ သာပေါင်းမဲဆန္ဒနယ်က ဦးသိန်းထွန်း တင်သွင်းတဲ့အဆိုအပေါ် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေရဲ့ စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ်ထူထောင်ရန် မူဝါဒချမှတ်ထားရှိပါတယ်။ အဆိုမှာ မြေခွန်ကောက်ခံခြင်းအပိုင်းနှင့် ရေခွန်နှင့် တာတမံခွန်ကောက်ခံခြင်းအပိုင်းဆိုပြီး တွေ့ရှိရပါတယ်။ မြေခွန်ကို ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့စွဲပါ ဘဏ္ဍာအခွန်ဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၄၂၅)ဖြင့် ကောက်ခံခဲ့ပြီး တည်ဆဲမြေခွန်နှုန်းထားများကိုတော့ Power Point မှာတင်ပြထားတဲ့အတိုင်း ကောက်ခံလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ကြေးတိုင်စိုက်ပြီးဒေသ ၃၆ ခရိုင်သာရှိသေးကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ မြေယာနှင့် အခွန်တော်ဥပဒေများပြဋ္ဌာန်းစဉ်အချိန်က စပါးဈေးကတော့ တင်ပြပါအတိုင်း အမြင့်ဆုံး စပါးတင်း ၁၀၀ လျှင် ၁၉၀ ကျပ်နှုန်းရှိတာကို လေ့လာတွေ့ရှိရပြီး လက်ရှိအချိန်တွင် တင်း ၁၀၀ ကို လေးသိန်းကျော်ခန့်ရှိနေတာကို တွေ့ရှိရပါတယ်။ ရေခွန်နှင့် တာတမံခွန်ကိုတော့ ၂၀၀၇ ခုနှစ်တွင် နှုန်းထားများပြောင်းလဲကောက်ခံခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ တည်ဆဲကောက်ခံတဲ့ နှုန်းထားများကတော့ Power Point မှာတင်ပြထားတဲ့အတိုင်း ကောက်ခံလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မြေခွန်၊ ရေခွန်နှင့် တာတမံခွန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များကသာ ကောက်ခံပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကောက်ခံရရှိမှုအနေဖြင့် မြေခွန် ၁၅၁၀.၇၀၄ ကျပ်သန်းနဲ့ တာတမံခွန် ၁၁.၆၄၂ ကျပ်သန်းကောက်ခံရရှိကြောင်း တွေ့ရှိရတဲ့အတွက် သတ်မှတ်ထားတဲ့လျာထားချက်အတိုင်း ကောက်ခံရရှိမှုရှိ/မရှိ စိစစ်ရန်လိုအပ်ကြောင်း အကြံပြုလိုပါတယ်။

**မူကြမ်း**

ကမ္ဘာ့နိုင်ငံများရဲ့ အခွန်အကောက်ယူမှုစနစ်ကိုလေ့လာပါက မိမိတို့ရယူခံစားတဲ့ အကျိုးခံစားခွင့်အလိုက် ပေးဆောင်စေခြင်းမူဝါဒနှင့် မိမိတို့ပေးဆောင်စွမ်းအားအလိုက် ပေးဆောင်စေခြင်းမူဝါဒတို့ကို ခေတ်စနစ်ဖြင့် လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းပေါင်းစပ်၍ အဆင်ပြေဆုံးမူဝါဒကို အသုံးပြုကောက်ခံနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ အာဆီယံနိုင်ငံအချို့ရဲ့ မြေခွန်ကောက်ခံမှုနှုန်းထားများကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် လယ်တစ်ဧကစိုက်ပျိုးမည်ဆိုပါက နေရာဒေသအပေါ် မူတည်ပြီး အနည်းဆုံးပျမ်းမျှစိုက်ပျိုးစရိတ် သုံးသိန်းကုန်ကျနိုင်ပြီး ထွက်နှုန်းအရ ရရှိနိုင်မယ့်အသားတင်အမြတ်ငွေအပေါ် မြေခွန်စည်းကြပ်ကောက်ခံရမည်ဖြစ်ရာ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများရဲ့စည်းကြပ်ကောက်ခံနေတဲ့ ရာခိုင်နှုန်းများဖြင့်ချိန်ထိုးပြီး လက်ရှိပကတိအခြေအနေအပေါ် ပညာရှင်များက အပြန်အလှန်သုံးသပ်ကာ တောင်သူလယ်သမားများအနေဖြင့် မျှတပြီး မှန်မှန်ကန်ကန်ထမ်းဆောင်နိုင်မယ့် တင့်သင့်တဲ့နှုန်းထားများဖြင့် ပြင်ဆင်စည်းကြပ်ရန် စဉ်းစားသင့်ကြောင်း အကြံပြုလိုပါတယ်။ မြန်မာနိုင်ငံတွင်လည်း မြေခွန်နှုန်းထားနှင့် မြေခွန်ယန္တရားပြင်ဆင်ရန်အတွက် ၁၉၅၂ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်တို့မှာ မြေယာကော်မရှင်နှင့် စုံစမ်းရေးအဖွဲ့တို့ကို ဖွဲ့စည်းကာ အကြံပြုချက်ရယူခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

အထက်ပါအဖွဲ့များမှ မြေခွန်နှုန်းထားများ ပြင်ဆင်မှုနှင့်ပတ်သက်၍ အကြံပြုချက်များပေးခဲ့သော်လည်း အပြည့်အဝပြင်ဆင်နိုင်ခဲ့ခြင်းမရှိတာကို လေ့လာတွေ့ရှိရပါတယ်။ မြေခွန်နှင့်ပတ်သက်ပြီး အကြံပြုလိုတာကတော့ မြေခွန်ဟာ တစ်နိုင်ငံလုံးအတွက် တူညီသော အချိုးဖြစ်သင့်ပြီး မြေမျိုးကြေးများခွဲရာတွင်လည်း တစ်နိုင်ငံလုံးအနေနဲ့ ဖြစ်နိုင်သမျှတူညီသင့်ပါတယ်။ မြေခွန်နှုန်းထားများသည် သီးနှံဈေးနှုန်းနှင့် ငွေကြေးအပြောင်းအလဲများအလိုက် လိုအပ်သလို ညှိနှိုင်းပြင်ဆင်ရမည်ဖြစ်ပြီး အခြားသောအခွန်များကောက်ခံသကဲ့သို့ နိုင်ငံ့ဘဏ္ဍာလိုအပ်ချက်နှင့် တောင်သူလယ်သမားများ၏ လက်တွေ့ကြုံတွေ့နေရမှုများကို စိစစ်သုံးသပ်ကာ လိုအပ်သလို ပြင်ဆင်ပြောင်းလဲရမှာဖြစ်ပါတယ်။ တင်ပြပါအချက်လေးချက်နှင့်ကိုက်ညီတဲ့ ကြေးတိုင်စနစ်တီထွင်ကျင့်သုံး၍ တစ်နိုင်ငံလုံး ကြေးတိုင်ပြန်လည်စိုက်၍ နှုန်းထားများပြန်လည်ပြင်ဆင်ခြင်း၊ သို့မဟုတ် ခေတ်စနစ်နှင့် ကိုက်ညီတဲ့ မြေခွန်စည်းကြပ်မှုစနစ်ကို ဦးစွာပြင်ဆင်ပြီးမှသာ မြေခွန်စည်းကြပ်မှုကို သင့်တော်သလို တိုးတက်ကောက်ခံသင့်ကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် ဝင်ငွေခွန်ပေးရန်မလိုတဲ့ ဝင်ငွေရရှိမှု နှုန်းထား

သတ်မှတ်ချက်ကိုလည်း မြေခွန်တိုးမြှင့်ကောက်ခံရာတွင် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် အကြံပြုဆွေးနွေးလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)အရ ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ထပ်မံပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါအတိုင်းနှင့် ပုဒ်မခွဲ(ခ)ပါ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိအောင် ကူညီဆောင်ရွက်ရမည်ဟု ပါရှိသည့်အတိုင်း တောင်သူလယ်မားများ အပြည့်အဝ အကျိုးခံစားခွင့်ရရှိရေးကို နိုင်ငံတော်က တတ်နိုင်သမျှတာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပြီး တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့ပေးဆောင်ရမည့်အခွန်ငွေများကို တည်ဆဲဥပဒေများအရ မှန်ကန်စွာ အချိန်မီပေးဆောင်ရန်လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားအားလုံးဟာ မိမိတို့ရဲ့ပေးဆောင်ရမယ့်အခွန်ငွေများကို တာဝန်သိသိမပျက်မကွက်ပေးဆောင်ခြင်းဖြင့် နိုင်ငံ့ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းက တိုးတက်အောင် ဖြည့်ဆည်းရာရောက်စေမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ စီးပွားရေးကောင်းမွန်လာတာနှင့်အမျှ နိုင်ငံ့ဘဏ္ဍာငွေတိုးတက်ရရှိခြင်းဖြင့် ကျေးလက်နေတောင်သူလယ်သမားများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ နှစ်စဉ်နှင့်အမျှတိုးတက်လိုအပ်နေတဲ့ စိုက်ပျိုးစရိတ်ချေးငွေလုံလောက်စွာရရှိရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနဲ့ ရေကြီးရေလျှံမှုများမှ ကာကွယ်ပေးမယ့် တာတမံများအဆင့်မြှင့်တင်ရေးတို့ကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်ရေးတို့ကို ထိရောက်စွာပံ့ပိုးဆောင်ရွက်သွားနိုင်မည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နှစ်စဉ်ပြောင်းလဲလာတဲ့ ငွေကြေးတန်ဖိုး၊ အခွန်အကောက်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်နှိုင်းယှဉ်ကာ ကောက်ခံသင့်သည့်အတွက် ကောက်ခံလိုက်သောအခွန်တစ်ရပ်ကြောင့် နိုင်ငံတော်ရဲ့စီးပွားရေးစနစ်နှင့် ပြည်သူလူထုတစ်ဦးချင်းအပေါ် ရိုက်ခတ်လာနိုင်တဲ့ ကောင်းကျိုးဆိုးကျိုး စတဲ့အကျိုးဆက်များကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်သလို ၇၀ ရာခိုင်နှုန်းကျော်သော ကျေးလက်နေတောင်သူလယ်သမားများအနေဖြင့် လက်ရှိတွင် ကောက်ပဲသီးနှံဈေးနှုန်းများ ကျဆင်းနေခြင်း၊ အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိခြင်း၊ လုပ်သားရှားပါးခြင်းနှင့် လုပ်အားခမြင့်တက်လျက်ရှိခြင်းတို့ကြောင့် မြေခွန်နှုန်းထားများ တိုးမြှင့်ပြင်ဆင်ကောက်ခံခြင်းဖြင့် တောင်သူလယ်သမားများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ထည့်သွင်းစဉ်းစားကာ လက်ရှိကောက်ခံ

နေတဲ့ မြေခွန်၊ ရေခွန်နှင့် တာတမံခွန်များကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ကောက်ခံရန်အတွက် အပြန်အလှန် အကျေအလည်သုံးသပ်ပြီးမှသာ လုပ်ဆောင်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်း၊ သာပေါင်းမဲဆန္ဒနယ်ကတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီ တိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့အဆိုဖြစ်တဲ့ လွန်ခဲ့သော နှစ် ၈၀ ကျော်က ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန် နှုန်းထားများနှင့် ရေခွန်၊ တာတမံခွန်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြောင်းလဲချိန်တန်ပြီ ဖြစ်လို့ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ် စည်းကြပ်ကောက်ခံရန် တိုက်တွန်းထားတဲ့အဆိုအပေါ် ဆွေးနွေးတင်ပြပါမယ်။

အဆိုမှာပါရှိတာကတော့ မြေခွန်နှင့်ရေခွန်၊ တာတမံခွန်တွေကို ဈေးကွက်စီးပွားရေးနှင့်အညီ တောင်သူလယ်သမားတွေကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲနဲ့ ပြင်ဆင်သတ်မှတ်ရန်ဖြစ်တဲ့အတွက် လက်ရှိ ကောက်ခံနေတဲ့ မြေခွန်နှင့်ရေခွန်၊ တာတမံခွန်နှုန်းထားတွေကို တစ်စုံတစ်ရာသောပမာဏတိုးမြှင့်ဖို့ အဆိုတင်သွင်းထားခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။ ယင်းသို့တိုးမြှင့်ကောက်ခံခြင်းဖြင့် နိုင်ငံတော် အနေနဲ့ ရငွေတိုးတက်လာပြီး တိုးတက်လာတဲ့ ဘဏ္ဍာရန်ပုံငွေအပေါ်မှာ အကျိုးရှိစွာ စီမံခန့်ခွဲအသုံးချ သွားနိုင်မယ့်အခွင့်အလမ်းများလည်း ဖြစ်ပေါ်လာမယ်လို့ သုံးသပ်ရရှိပါတယ်။ ဘဏ္ဍာရန်ပုံငွေ သုံးစွဲနိုင်မှုနဲ့ဆက်စပ်ပြီး စိုက်ပျိုးရေးရရှိရေးဆိုင်ရာ ဆည်မြောင်း၊ တာတမံ တည်ဆောက်၊ ပြုပြင်၊ ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်လာနိုင်တာနဲ့အမျှ စိုက်ပျိုးသူတောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝမြင့်တက်ပေးနိုင်မယ့် အခွင့်အလမ်းကောင်း

များလည်း ဖြစ်ထွန်းလာမယ့်အခြေအနေများ ဖန်တီးပေးနိုင်မယ့်အခြေအနေဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။ တောင်သူလယ်သမားများအနေနဲ့လည်း မိမိတို့ပိုင်ဆိုင်တဲ့လယ်ယာမြေများပေါ်မှာ ရှိရင်းစွဲတန်ဖိုးထားမှုအပေါ်မှာအခြေခံပြီး စနစ်တကျထိန်းသိမ်းတဲ့ အလေ့အကျင့်ကောင်းများနှင့် စိုက်ပျိုးရေးစနစ်တကျသုံးစွဲတဲ့အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်တဲ့အတွက် ရေရှည်မှာနိုင်ငံတော်နှင့်တောင်သူ နှစ်ဦးနှစ်ဘက်အကျိုးဖြစ်ထွန်းစေမယ့် ကောင်းမွန်သောအဆိုတစ်ရပ်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

လက်ရှိကောက်ခံလျက်ရှိတဲ့ မြေခွန်နှုန်းထားတွေကို လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စသည်ဖြင့် မြေအမျိုးအစားများအလိုက် သတ်မှတ်ထားရှိတဲ့အခါမှာ မြန်မာနိုင်ငံမှာ ဧရိယာအများဆုံးဖြစ်တဲ့လယ်မြေမှာကောက်ခံတဲ့ မြေခွန်နှုန်းထားတွေကို ပြန်လည်ကောက်နုတ်သုံးသပ်တင်ပြရလျှင်ကြေးတိုင်စိုက်ဧရိယာရှိ ဆည်ရေသောက်ဧရိယာတွေမှာ အနိမ့်ဆုံး ၁ကျပ်နဲ့တစ်မတ်ကနေပြီးတော့အမြင့်ဆုံး ၉ ကျပ် ၇၅ ပြားအထိသာ ရှိခဲ့ပါတယ်။ မိုးကောင်းသောက်ဧရိယာတွေမှာ အနိမ့်ဆုံး တစ်မတ်မှ အမြင့်ဆုံး ၇ ကျပ် တစ်မတ် အထိရှိပါတယ်။ ကြေးတိုင်ပြင်ကွင်းတွေမှာ စပါးစိုက်ဧရိယာတွေဟာ ၁ ကျပ်ခွဲနှုန်းသာ ကောက်ခံလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တောင်သူလယ်သမားအများစုအနေနဲ့ မြေခွန်ဆောင်ခြင်းအပါအဝင် မိမိတို့ပိုင်ဆိုင်တဲ့လယ်ယာမြေများနှင့်စပ်လျဉ်းပြီး အချက်အလက်တွေကို မှတ်မှတ်သားသား စနစ်တကျထားရှိမှု အားနည်းရခြင်းဟာလည်း ပေးဆောင်ရတဲ့ မြေခွန်နှုန်းထား လွန်စွာနည်းပါးခြင်းဆိုတဲ့ အကြောင်းအရင်းတစ်ရပ်ကလည်းပါဝင်တယ်လို့ ယူဆနိုင်ပါတယ်။ မြေခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံရန်ကိစ္စနှင့်စပ်လျဉ်းပြီး လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ပြီးစီးတဲ့အချိန်မှာ မြေယာခွန်ဥပဒေကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး တစ်ပြိုင်တည်း ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ကြောင်း နိုင်ငံတော်သမ္မတရုံးမှလည်း ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ရက်စွဲဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အားလုံးနှင့် နေပြည်တော်ကောင်စီသို့ အသိပေးဆောင်ရွက်ခဲ့ပါတယ်။ မြေခွန်ဥပဒေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ပြိုင်တည်း ပြဋ္ဌာန်းကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအားလုံးကို ထပ်မံအကြောင်းကြားထားပါကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

မြေခွန်နှုန်းထားတွေပြင်ဆင်ဖို့အတွက် တည်ဆဲဥပဒေတွေဖြစ်တဲ့ ၁၈၇၆ ခုနှစ် မြန်မာနိုင်ငံတော် (အောက်ပိုင်း) မြေရာနှင့်အခွန်တော်အက်ဥပဒေ၊ ၁၉၁၁ ခုနှစ် မြန်မာနိုင်ငံတော်(အောက်ပိုင်း) မြေရာနှင့်အခွန်တော်ဥပဒေ၊ ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံတော်(အထက်ပိုင်း) မြေခွန်တော်လက်စွဲဥပဒေတို့ကို ကိုးကားပြီး ယင်းဥပဒေပါပြဋ္ဌာန်းချက်တွေအရ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ၁၉၁၁ ခုနှစ်၊ မြန်မာနိုင်ငံတော်(အောက်ပိုင်း)မြေရာနှင့်အခွန်တော်အက်ဥပဒေနှင့် ယင်းအက်ဥပဒေအရ နည်းဥပဒေများနှင့်အညီပြဋ္ဌာန်းတဲ့ အမိန့်ဆင့်ဆိုချက် ၁၀၉ မှာ မြေခွန်နှုန်းထားတွေကို အနှစ်(၂၀)မှာ တစ်ကြိမ်ပြင်ဆင်ပြီး ပြင်ဆင်မှုကို အမိန့်ပြန်တမ်း ထုတ်ပြန်ကြေညာဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံတော်(အထက်ပိုင်း) မြေခွန်တော်လက်စွဲဥပဒေ အခန်း(၃)၊ Regulation ဥပဒေ ပုဒ်မ ၂၂ မှာ အခွန်တော်ကို နိုင်ငံတော်အစိုးရက ဆင့်ဆိုသည့်အတိုင်း ကောက်ခံထိုက်စေရမည်ဟူ၍လည်းကောင်း၊ မြေခွန်တော်နှုန်းများကို သင့်တော်သည့်အတိုင်း အခွန်တော်နှုန်းများ စီရင်စု၊ တစ်နယ်နှင့်တစ်နယ် မတူစေဘဲ ကွဲပြားသတ်မှတ်နိုင်သည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ပါ ပြဋ္ဌာန်းချက်နှင့် ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ပြဋ္ဌာန်းချက်တွေအရ မြေယာခွန်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များက ဥပဒေပြုနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သလို ပုဒ်မ ၂၅၄ ပါပြဋ္ဌာန်းချက်နှင့် ဇယား ၅ ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမယ့်အခွန်အခများ ပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကပင် မြေယာခွန်ကို ကောက်ခံရမည်ဖြစ်ပါတယ်။

တိုးမြှင့်သတ်မှတ်တဲ့အခွန်နှုန်းထားဟာ ဒေသအတွင်းမှာသော်လည်းကောင်း၊ ဒေသတစ်ခုနှင့် တစ်ခုသော်လည်းကောင်း သက်ဆိုင်ရာဒေသရဲ့ ရေ၊ မြေ၊ ရာသီဥတုအခြေအနေ၊ လူမှုစီးပွားရေး အခြေအနေ စတဲ့အခြေအနေအရပ်ရပ်ပေါ်မှာမူတည်ပြီး ကွဲပြားနိုင်တာဖြစ်ပါတယ်။ ယင်းအခြေအနေ ပေါ်မှာမူတည်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ရှိသူများက သုံးသပ်ဆောင်ရွက်သွား ရမယ့်အခြေအနေမျိုးလည်းရှိပါတယ်။ ယင်းသို့ဆောင်ရွက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူလယ်သမားကိုယ်စားလှယ်များ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူ လယ်သမားအကျိုးကို ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်မှုနှင့် ဧရိယာဆက်စပ်လျက်ရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အချင်းချင်း အပြန်အလှန်

ညှိနှိုင်းဆွေးနွေးမှုဖြင့်လည်းကောင်း တောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့ သင့်လျော်တဲ့နှုန်းထားသတ်မှတ်နိုင်ရေးအတွက် အထူးဂရုပြုဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်၍ မြေခွန်နှုန်းထား တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များက မြေယာခွန်ဥပဒေကို ရေးဆွဲပြီး တစ်နိုင်ငံလုံး တစ်ပြိုင်တည်း သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ တင်ပြချိတ်ဆက်ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။

ရေခွန်၊ တာတမံခွန်များတိုးမြှင့်ကောက်ခံရန်နှင့်စပ်လျဉ်းပြီး ၁၉၈၂ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ ရေခွန်နှင့်တာတမံခွန်ဥပဒေအရ ရေခွန်နှင့်တာတမံခွန်ကို တစ်ဧက ၁၀ ကျပ်နှုန်း သတ်မှတ်ခဲ့ပါတယ်။ ထိုစဉ်ကာလက စပါးတစ်တင်းဈေးနှုန်းဟာ ၉ ကျပ် ၇၅ ပြားခန့်သာဖြစ်တဲ့အတွက် စပါးတစ်တင်းတန်ဖိုးနဲ့ညီမျှတဲ့အနေအထားဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ် ရေခွန်၊ တာတမံခွန်တွေကို ခေတ်နှင့်လျော်ညီစေဖို့အတွက် တောင်သူလယ်သမားများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ ရည်ရွယ်ချိန်ဆပြီး ရေခွန်၊ တာတမံခွန်ဥပဒေ(မူကြမ်း)ကို ပြုစုခဲ့ရာမှာ ရေခွန်နှင့် တာတမံခွန်နှုန်းထားတွေအတွက် သတ်မှတ်ချက်များအနေနဲ့ စပါးစိုက်ဧရိယာတွေမှာ မြေပြုပြင်သည်မှ အောင်ရေ ရတဲ့အထိ အပြည့်အဝရေရယူလို့ရှိရင် တစ်ဧက ၁၉၅၀ ကျပ်နှုန်း၊ တစ်စိတ်တစ်ပိုင်းရယူပါက ၉၀၀ ကျပ်နှုန်း၊ အခြားသီးနှံအတွက် ၉၀၀ ကျပ်နှုန်း၊ နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားတဲ့တာတမံများ၊ ရေနုတ်မြောင်းများဖြင့် ရေဘေးကာကွယ်ထားတဲ့ဒေသတွေအတွက် တစ်ဧက ၅၀၀ ကျပ်နှုန်း၊ လယ်ယာမြေတစ်ရပ်ရပ်သည် အထက်တွင်တင်ပြခဲ့သည့် ရေသောက်ဧရိယာတွင်လည်းကောင်း၊ ရေဘေးကာကွယ်ဧရိယာတွင်လည်းကောင်း နှစ်နေရာလုံး အကျုံးဝင်နေလို့ရှိရင် ရေသောက်ဧရိယာအတွက် သတ်မှတ်နှုန်းဖြင့်သာကောက်ခံရန်ဆိုပြီးတော့ သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။

အထက်ဖော်ပြပါသတ်မှတ်ချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရေသောက်ဧရိယာတွေမှာ ရေခွန်နှုန်းထားအသစ်ဖြင့် ကောက်ခံခဲ့ပြီး ရေဘေးကာကွယ်ရေးဧရိယာအတွက် တာတမံခွန်တွေကိုတော့ ယခင်နှုန်းထားဖြင့်သာ ယနေ့ထိ ကောက်ခံနေဆဲဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ရေခွန်၊ တာတမံခွန်ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပြီးတဲ့အချိန်မှာ ပြဋ္ဌာန်းချက်များပါအတိုင်း ဆောင်ရွက်သွားနိုင်မည့်အခြေအနေဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ မြေခွန်နှုန်းထားတိုးမြှင့်ရန်နှင့်စပ်လျဉ်းပြီး

လွှတ်တော်ကိုယ်စားလှယ်ကြီး၏အဆိုမှာ တောင်သူလယ်သမားတွေအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့ အခွန်နှုန်းထားတွေကို ပြင်ဆင်သတ်မှတ်ပြီး စည်းကြပ်ကောက်ခံရန်ဟု ပါရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏လိုအပ်ချက်များနှင့်ကိုက်ညီတဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့အတွက် မြေခွန်ကောက်ခံခြင်းဆိုင်ရာဥပဒေများ ပေါ်ထွန်းရေးအတွက် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် ယခုအဆိုအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ရေးအတွက် တင်ပြဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးသိန်းထွန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့်တကွ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သာပေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းပါ။ ဒီအဆိုနှင့်ပတ်သက်လို့ ပါဝင်ဆွေးနွေးပေးတဲ့ ဦးထွန်းထွန်း(မင်းဘူးမဲဆန္ဒနယ်)၊ ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)၊ အကြံပြုဆွေးနွေးပေးတဲ့ ဗိုလ်မှူးနေဝင်း(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)တို့ကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီအဆိုနှင့်ပတ်သက်လို့ လွှတ်တော်က အတည်ပြုပေးပါလို့ ကျွန်တော် တင်ပြချင်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ သာပေါင်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်သုံးဦးကဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသိန်းထွန်းတင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တူးမြောင်းဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တူးမြောင်းဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၀၅ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ တူးမြောင်းအက်ဥပဒေဟာ ခေတ်ကာလနှင့်လျော်ညီမှုမရှိတဲ့ အတွက် ခေတ်ကာလနှင့်လျော်ညီတဲ့ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် လိုအပ်လျက်ရှိပါတယ်။ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တူးမြောင်းတည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ တည်ဆောက်ပြီးတူးမြောင်းများ ထိန်းသိမ်းဆောင်ရွက်ရေး၊ ကျေးရွာတူးမြောင်းနဲ့ ရေနုတ်မြောင်းများ တည်ဆောက်ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းတွေကို အကူအညီပြုနိုင်ရေး၊ တူးမြောင်းများဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကျရောက်လာပါက သီးနှံများ ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ဒေသတွင်းရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစေရေးနဲ့ တူးမြောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းကမ်းချက်များကို ပြည်သူများသိရှိနိုင်စေရေးတို့ကို ရည်ရွယ်ပြီး တူးမြောင်းဥပဒေအား အသစ်ရေးဆွဲခြင်းဖြစ်ပါတယ်။ အသစ်ရေးဆွဲတဲ့တူးမြောင်းဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ၁၂-၈-၂၀၁၅ အရ လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၏ ၁၅-၉-၂၀၁၆ အရလည်းကောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်း ရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီရဲ့ ၆-၁၀-၂၀၁၆ အရလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးရဲ့ ၈-၁၂-၂၀၁၆ ရက်နေ့အရလည်းကောင်း၊ အစည်းအဝေးအသီးသီးတို့မှ ဆွေးနွေးဆုံးဖြတ်အတည် ပြုရရှိပြီးဖြစ်ပါ၍ ၉-၁၂-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှာ ၂၄-၁၂-၂၀၁၆၊ ၁၅-၂-၂၀၁၇၊ ၇-၃-၂၀၁၇၊ ၉-၅-၂၀၁၇၊ ၁၁-၅-၂၀၁၇၊ ၁၂-၅-၂၀၁၇ နဲ့ ၁၆-၅-၂၀၁၇ ရက်တို့မှာ ခုနစ်ကြိမ် တိုင်တိုင်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။

### မူကြမ်း

သို့ဖြစ်ပါ၍ တူးမြောင်းဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ စဉ်းစားဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးပါထန်းဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ တူးမြောင်းဥပဒေကို ဖတ်ကြားအတည်ပြုမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၉၄
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

**မူကြမ်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၅၂၇)/ပထစ - ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တူးမြောင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တူးမြောင်းဥပဒေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်တိုးတက်ခိုင်မာစေရန်အတွက် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် တောင်သူလယ်သမားများအနေနှင့် လယ်ကြားမြောင်းဖြင့် စိုက်ပျိုးရေရယူရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန်၊

(ခ) ရေကိုအလေအလွင့်နည်းပါးစွာနှင့် အကျိုးရှိဆုံး ထိရောက်စွာ အသုံးပြုနိုင်စေရန်၊

(ဂ) ပြည်သူ့အကျိုးပြု ဆည်၊ ကန်၊ တူးမြောင်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်စေရန်၊

(ဃ) ပြဋ္ဌာန်းထားပြီးဖြစ်သော မူလတူးမြောင်းဥပဒေအား ခေတ်ကာလနှင့် လျော်ညီစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၅-၂-၂၀၁၇ ရက်နေ့၊ ၇-၃-၂၀၁၇ ရက်နေ့၊ ၂၀-၃-၂၀၁၇ ရက်နေ့၊ ၉-၅-၂၀၁၇ ရက်နေ့၊ ၁၁-၅-၂၀၁၇ ရက်နေ့နှင့် ၁၂-၅-၂၀၁၇ ရက်နေ့တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**မူကြမ်း**

ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ အားလုံးဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် အချိန်ကို ငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ တူးမြောင်းဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၉၄

ရက်စွဲ ၊ ၂၀၁၇ ခု နှ စ်၊ မေ လ ၁၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၅၂၇)/ပထစ - ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တူးမြောင်းဥပဒေကို ပြည်ထောင်စု လွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တူးမြောင်းဥပဒေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

**မူကြမ်း**

(က) နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်တိုးတက်ခိုင်မာစေရန်အတွက် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် တောင်သူလယ်သမားများအနေနှင့် လယ်ကြားမြောင်းဖြင့် စိုက်ပျိုးရေရယူရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန်၊

(ခ) ရေကိုအလေအလွင့်နည်းပါးစွာနှင့် အကျိုးရှိဆုံး ထိရောက်စွာ အသုံးပြုနိုင်စေရန်၊

(ဂ) ပြည်သူ့အကျိုးပြု ဆည်၊ ကန်၊ တူးမြောင်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်စေရန်၊

(ဃ) ပြဋ္ဌာန်းထားပြီးဖြစ်သော မူလတူးမြောင်းဥပဒေအား ခေတ်ကာလနှင့် လျော်ညီစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၅-၂-၂၀၁၇ ရက်နေ့၊ ၇-၃-၂၀၁၇ ရက်နေ့၊ ၂၀-၃-၂၀၁၇ ရက်နေ့၊ ၉-၅-၂၀၁၇ ရက်နေ့၊ ၁၁-၅-၂၀၁၇ ရက်နေ့နှင့် ၁၂-၅-၂၀၁၇ ရက်နေ့တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) တူးမြောင်းဥပဒေကြမ်းတွင် အခန်း (၁၁) ခန်းနှင့် အပိုဒ်ပေါင်း ၆၀ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**ဆည်မြောင်း ဥပဒေ**

**( ၂၀၁၇ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်  ။ )**

**၁၃၇၉ ခုနှစ် ၊  လ  ရက်**

**( ၂၀၁၇ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။”

**မူကြမ်း**

(ဂ) အခန်း (၁) အပိုဒ် ၁ တွင် ပါရှိသည့် တူးမြောင်း ဆိုသည့်စကားရပ်ကို ဆည်မြောင်း ဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင်ပါရှိသော တူးမြောင်း ဆိုသည့်စကားရပ်ကို ဆည်မြောင်းဟု အသီးသီးပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဆည်မြောင်း ဆိုသည်မှာ ရေပေးဝေရန်ဖြစ်စေ၊ ရေသိုလှောင်ရန် ဖြစ်စေ စီမံဆောင်ရွက်ထားသော ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေတံခါး၊ ရေမြောင်း၊ ရေတင်စက်ရုံ၊ မြေအောက် ရေတွင်း၊ ယင်းတို့နှင့်ဆက်စပ်လျက်ရှိသော မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်၊ သဘာဝရေနုတ်မြောင်းတို့၏ အစိတ်အပိုင်းများ၊ တူး မြောင်း၊ ရေသွင်းရေလွှဲမြောင်း၊ မြောင်းပေါင်၊ ကမ်းပါးထိန်း နံရံတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ဆည်မြောင်းလုပ်ငန်းနှင့် ဆက်စပ်သော အဆောက်အအုံနှင့် စက်ယန္တရားလည်းပါဝင်သည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကျေးရွာဆည်မြောင်းဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာ ဆည်မြောင်းအဖြစ် ကြေညာထားသည့် ဆည်မြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံနှင့် ကန်ကို ဆိုသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) လယ်ကြားမြောင်း ဆိုသည်မှာ ဦးစီးဌာန၏ ဆည်မြောင်းမှ ရေ ပေးဝေသော ရေမြောင်းတစ်ခုခုနှင့်ဆက်လျက် သတ်မှတ်သည့် အတိုင်း တူးဖော်သည့် ရေမြောင်းနှင့်သက်ဆိုင်သည့် အထောက် အကူပြု လုပ်ငန်းများကို ဆိုသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ရေနုတ်မြောင်း ဆိုသည်မှာ ဆည်မြောင်းများမှ ပိုလျှံရေနှင့် သဘာဝအလျှောက်စီးဆင်းသော ရေကြောင့် ရေကြီးနစ်မြုပ်ခြင်း၊

ရေတိုက်စားခြင်းတို့မှ ကာကွယ်ရန်ဖြစ်စေ၊ ရေပေးသွင်းရန်ဖြစ်စေ တူးဖော်ထားသောရေမြောင်း သို့မဟုတ် သဘာဝအလျောက်ဖြစ်ပေါ် နေသည့် ရေမြောင်း၊ ယင်းရေမြောင်းနှင့်ဆက်စပ်သည့် အဆောက် အအုံများကို ဆိုသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ (င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) ကျေးရွာရေနုတ်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာရေနုတ်မြောင်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်း ကို ဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ (စ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်း ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ်ချက် နှင့်အညီ စီမံခန့်ခွဲရန် လွှဲပြောင်းရယူထားသော ဆည်မြောင်းကို ဆိုသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) ရေယာဉ် ဆိုသည်မှာ လှေ၊ သမ္ဗန်၊ သစ်ဖောင်၊ ဝါးဖောင်၊ အခြား စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်တစ်မျိုးမျိုးနှင့် ရေတွင်ပေါ် သည့် အခြားအရာဝတ္ထုတို့ကို ဆိုသည်။

(ဋ) အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရ ဟုပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၂ အပိုဒ်ခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဈ) ဦးစီးဌာန ဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကို ဆိုသည်။

**မူကြမ်း**

(ဍ) အပိုဒ် ၂ အပိုဒ်ခွဲ (ဈ) ကို အပိုဒ်ခွဲ (ည) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၏ ဦးစီးဌာန တာဝန်ခံကိုဆိုသည်။

(ဎ) အပိုဒ် ၂ အပိုဒ်ခွဲ (ည) ကို အပိုဒ်ခွဲ (ဋ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) ခရိုင်ဆည်မြောင်းအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်၏ ဦးစီးဌာန တာဝန်ခံကို ဆိုသည်။

(ဏ) အပိုဒ် ၂ အပိုဒ်ခွဲ (ဋ) ကို အပိုဒ်ခွဲ (ဌ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဌ) မြို့နယ်ဆည်မြောင်းအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်၏ ဦးစီးဌာန တာဝန်ခံကို ဆိုသည်။

(တ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ (ဌ) ကို ပယ်ဖျက်ပါသည်။

(ထ) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဍ) ထိန်းသိမ်းခြင်းလုပ်ငန်း ဆိုသည်မှာ ဆည်မြောင်းလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်စပ်လျက်ရှိသော အဆောက်အအုံများ ပုံစံတကျရှိစေရန် သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ထိန်းသိမ်းရသော လုပ်ငန်းကို ဆိုသည်။

(ဒ) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) ကို အပိုဒ်ခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဎ) အရေးပေါ်လုပ်ငန်း ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ဆည်မြောင်းကျိုးပေါက်ခြင်းနှင့် ဆက်စပ်အဆောက်အအုံများ ပျက်စီးနိုင်ခြင်းတို့ ဖြစ်ပေါ်ပါကအချိန်မီ ပြင်ဆင်ရသော လုပ်ငန်းကိုဆိုသည်။

**မူကြမ်း**

(ဓ) အပိုဒ် ၂ အပိုဒ်ခွဲ (ဏ) အဖြစ်အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဏ) အုပ်ချုပ်ရေးမှူး ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(န) အခန်း (၂) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဆည်မြောင်း တည်ဆောက်ခြင်း လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်ပြီး ဆည်မြောင်းများကို ရေရှည် တည်တံ့ ခိုင်မြဲစေရန်အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းရန်၊

(ဂ) ကျေးရွာ ဆည်မြောင်းနှင့် ကျေးရွာ ရေနုတ်မြောင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေး လုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ဆည်မြောင်းများကို ဘေးအန္တရာယ် ကျရောက်ခြင်းမှ ကြိုတင် ကာကွယ်ရန်နှင့်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှု နည်းပါးစေ ရေးအတွက် အရေးပေါ်လုပ်ငန်းများကို ပြည်သူများက ပူးပေါင်း ဆောင်ရွက်နိုင်စေရန်၊

(င) စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများအပါအဝင် ဒေသအတွင်း ရေလိုအပ်ချက်ကို အဆင်ပြေ လွယ်ကူစွာ ရရှိစေရန်၊

မူကြမ်း

(စ) ဆည်မြောင်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။

(ပ) အခန်း (၂) ကို အခန်း (၃) အဖြစ် ပြင်ဆင်ပြီး အခန်းခေါင်းစဉ်ကို ဆည်မြောင်းတည်ဆောက်ခြင်းဟု ပြင်ဆင်ပါသည်။

(ဖ) အခန်း (၂) အပိုဒ် ၃ ကို အခန်း (၃) အပိုဒ် ၄ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ဝန်ကြီးဌာနသည် ဆည်မြောင်း တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်လျှင် ယင်းသို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် လုံလောက်သော အချိန် ပေး၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

(ဗ) အပိုဒ် ၄ ကို အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၄ တွင်ဖော်ပြထားသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းများနှင့် ဆက်စပ်သော မြေများ၊ အဆောက်အဦများ၊ သီးနှံများ၊ စားပင်သီးပင်များ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာ ဒေသရှိ ပြည်သူများ ကြိုတင်သိရှိရန် လုံလောက်သော အချိန်ပေး၍ ကြေညာရမည်။

(ဘ) အပိုဒ် ၅ ကို အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ခရိုင်အုပ်ချုပ်ရေးမှူးသည် -

(၁) လျော်ကြေးပေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်း၍ စစ်ဆေးရမည်။

**မူကြမ်း**

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန် ရှိပါက လျော်ကြေးငွေကို ဥပဒေနှင့်အညီ သတ်မှတ် ဆုံးဖြတ်ရ မည်။

(၃) ပုဒ်မခွဲငယ် (၂) အရ မိမိ၏ဆုံးဖြတ်ချက်ကို လျော်ကြေး တောင်းဆိုသူထံစာဖြင့် ဆောလျင်စွာ အကြောင်းကြား ရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေ သတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် အကြောင်းကြားစာ ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်ရောက်နိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ယင်း လျော်ကြေးငွေ သတ်မှတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) လျော်ကြေးငွေနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ် သည် အပြီးအပြတ်အတည်ဖြစ်သည်။

(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ ငွေစာရင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(မ) အပိုဒ် ၆ ကို အပိုဒ် ၅အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာန အရာရှိသည် ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် နေ့မှစ၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ညှိနှိုင်းပြီး လိုအပ်သည့် ကြိုတင် ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် ဆည်မြောင်း နယ်နိမိတ် သတ်မှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်သည်။

**မူကြမ်း**

(ခ) ဝန်ကြီးဌာနသည်ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်း အတွက် လိုအပ်သည့် မြေယာသိမ်းဆည်းခြင်းလုပ်ငန်းကို ဥပဒေနှင့် အညီ ဆောင်ရွက်ရမည်။

(ယ) အပိုဒ် ၇ ကို အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ လျော်ကြေးပေးသည့် ကိစ္စရပ်များ ပြီးပြတ်သည့်အခါ ခရိုင်ဆည်မြောင်း အရာရှိသည် ဆည်မြောင်းနှင့် ဆက်စပ်လျက်ရှိသော ဆည်၊ တာတမံလုပ်ငန်းများ ကို ဆောင်ရွက်ရမည်။

(ရ) အပိုဒ် ၈ ကို အပိုဒ် ၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ သဘာဝရေစီးရေလာကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့် ဖြစ်စေ ဆည်မြောင်း၊ တာတမံများ ရွေ့လျောပျက်စီးလာ၍ ဆည်မြောင်း၊ ဖြတ်မြောင်းများ အသစ်ပြောင်းရွှေ့တူးဖော် တည်ဆောက်ခြင်းနှင့် မြေစာ များ စုပုံခြင်းပြုရာတွင် လယ်ယာမြေနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေတောင်းခံလာမှု များကို ခရိုင်ဆည်မြောင်းအရာရှိသည် ခရိုင် အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေး ရမည်။

(လ) အပိုဒ် ၉ ကို အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါ လျော်ကြေးငွေတောင်းဆိုမှုများ နှင့်စပ်လျဉ်း၍ ပုဒ်မ ၇ နှင့်အညီ ဆောင်ရွက်ရမည်။

(ဝ) အခန်း (၄) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

အခန်း(၄)

ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်း

၁၁။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသော ဆည်မြောင်းအရာရှိ သည် တည်ဆောက်ပြီး ဆည်မြောင်းနှင့်ဆက်စပ်သော အဆောက်အအုံများ ပြုပြင် ထိန်းသိမ်းခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

**မူကြမ်း**

(က) ဆည်ရေပေးဝေခြင်းမပြုမီ ဆည်မြောင်းများနှင့် ရေပေး အဆောက်အအုံများ ပုံစံတကျရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေကို စစ်ဆေးခြင်းနှင့် လိုအပ်ချက်များ အချိန်မီပြုပြင်ခြင်း၊

( ခ) ဆည်မြောင်းပေါင်အတွင်း ခြတောင်ပို့များ၊ ကြွက်တွင်းများ တူးဖော် ဖယ်ရှားခြင်း၊ မြေသစ်များဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဂ) ဆည်မြောင်းအတွင်း ရေမှတ်တိုင်များ စိုက်ထူ၍ ရေပေးဝေချိန် တစ်လျှောက် စောင့်ကြည့်ထိန်းသိမ်းခြင်း၊

(ဃ) မြောင်းစစ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊

( င) ဆည်မြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် အဟန့် အတားဖြစ်စေသည့် အရာဝတ္ထုများကို ဖယ်ရှား ရှင်းလင်းခြင်း၊

( စ) ရေလှောင်တမံများ၏ ကြံ့ခိုင်ရေးနှင့် ရေထိရောက်စွာ သိုလှောင်နိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဆ) ရေသွင်း၊ ရေထုတ်တံခါးများ၊ ရေပိုလွှဲနှင့် ယင်းတွင် တပ်ဆင် ထားသော ရေတံခါး၊ ရေတံခါးရွက်များ၊ သဲထုတ် ရေတံခါးများ နှင့်ဆက်စပ်နေသော စက်ပစ္စည်းအစိတ်အပိုင်းများ စစ်ဆေး ပြုပြင်ခြင်း၊

( ဇ) ရေလွှဲဆည်၊ ရေပိုလွှဲမှ ထွက်လာသောရေများကြောင့် အောက်ခြေကွန်ကရစ် ကြမ်းခင်းများ ပျက်စီးမှုရှိပါက ပြုပြင် ဆောင်ရွက်ခြင်း ၊

(ဈ) ရေလွှဲဆည်အထက်ဘက်ရှိ ရေလျှံတာရိုးထိပ်ကို ရေကြီးသည့် အချိန်တွင် တိုက်ရိုက်မြစ်ရေ တိုက်စားခံရ၍ မြစ်ရေကျပြီးလျှင် မပျက်မကွက် စစ်ဆေးခြင်း၊

(ည) အုတ်ပန်းရံ လုပ်ငန်းများ၏ ကွဲအက်ကြောင်းများနှင့် ကျောက်စီလုပ်ငန်းများ ပျက်စီးနိုင်သည့် အခြေအနေကို အချိန်မီ ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဋ) ဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်မြောင်းများ၏ နယ်နိမိတ်အတွင်း ကျူးကျော် ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်းများကို အရေးယူဆောင်ရွက်ခြင်း၊

(ဌ) ရေဆုံးရှုံးမှု နည်းပါးပြီး အကျိုးရှိစွာ အသုံးချနိုင်ရေး အတွက် ဆည်များ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက် ရေတူးဖော်ရေး လုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် ရေသောက်စနစ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊

(ဍ) ကျေးရွာဆည်မြောင်းများနှင့် ကျေးရွာရေနုတ်မြောင်း လုပ်ငန်း များ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးကို ကူညီဆောင်ရွက် ပေးခြင်း။

၁၂။ ပုဒ်မ ၁၁ ပါ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်ပြုပြင်ခြင်းလုပ်ငန်း သို့မဟုတ် အထူးပြင်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းအဆင့် သတ်မှတ်၍ ဆောင်ရွက်ရမည်။

(သ) အခန်း (၃) ကို အခန်း (၅) ဟု ပြင်ဆင်ပြီး အခန်းခေါင်းစဉ်ကို ဆည်မြောင်း မှရေကို ရယူသုံးစွဲခြင်းဟု ပြင်ဆင်ပါသည်။

(ဟ) အခန်း (၃) အပိုဒ် ၁၀ ကို အခန်း (၅) အပိုဒ် ၁၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၃။ ဆည်မြောင်းမှရေကို ရယူသုံးစွဲရန် လယ်ကြားမြောင်း ဖောက်လို သူ၊ လက်ရှိလယ်ကြားမြောင်းအား ပြုပြင်မွမ်းမံလိုသူ သို့မဟုတ် လက်ရှိလယ်ကြား မြောင်းကို လွှဲပြောင်းရယူလိုသူသည် သက်ဆိုင်ရာ မြို့နယ် ဆည်မြောင်းအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

**မူကြမ်း**

( ဋ) အပိုဒ် ၁၁ ကို အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ မြို့နယ်ဆည်မြောင်းအရာရှိသည် ပုဒ်မ ၁၃ အရလျှောက်လွှာကို လက်ခံရရှိသည့်အခါ လိုအပ်သည်များကို စိစစ်၍ လယ်ကြားမြောင်း ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်း တို့ကို ခရိုင်ဆည်မြောင်းအရာရှိက ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်စေရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ အကျိုးဆက်နွယ်သော တောင်သူလယ်သမား များ၏ သဘောထားမှတ်ချက်ပါ စုစည်းဖော်ပြ၍ ခရိုင် ဆည်မြောင်းအရာရှိထံ တင်ပြရမည်။

(ဌ) အပိုဒ် ၁၂ ကို အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ ခရိုင်ဆည်မြောင်းအရာရှိသည် -

(က) ပုဒ်မ ၁၄ အရ မြို့နယ်ဆည်မြောင်းအရာရှိ၏ တင်ပြချက် ကို စိစစ်ပြီး လယ်ကြားမြောင်း ဖောက်လုပ်ရန်၊ ပြုပြင် မွမ်းမံရန် သို့မဟုတ် လွှဲပြောင်းရယူရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ပြုရမည်။

( ခ) လယ်ကြားမြောင်းဖြတ်သန်းရာ လယ်ယာမြေများအတွက် လျော်ကြေးပေးရန် လိုအပ်ပါက မိမိသဘောထားမှတ်ချက်နှင့် အတူ ခရိုင်အုပ်ချုပ်ရေးမှူးထံ ညှိနှိုင်းအကြောင်းကြားရမည်။

( - ) အပိုဒ် ၁၃ ကို အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ လယ်ကြားမြောင်း ဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းနှင့် စပ်လျဉ်း၍ ကုန်ကျစရိတ်ကို လယ်ကြားမြောင်း အသုံးပြုသူများက ပူးတွဲ၍ သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ကျခံရန်တာဝန်ရှိစေရမည်။

( - ) အပိုဒ် ၁၄ ကို အပိုဒ် ၂၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၂၅။ ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဆည်မြောင်းတွင်ဖြစ်စေ၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံ ခန့်ခွဲသော ဆည်မြောင်းတွင်ဖြစ်စေ ပြည်သူအများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရန် လိုအပ်သော နေရာများတွင် သင့်လျော်သည့် ဆည်မြောင်း ဖြတ်ကျော်တံတားများကို ဆောက်လုပ်ပေးရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၅ နှင့် ၁၆ တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၇ ကို အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁ ။ လယ်ကြားမြောင်း ရေကိုရယူရာတွင်-

(က) အများပြည်သူဆိုင်ရာ လမ်း၊ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းကို ဖြတ်ကျော်၍ ရယူရန်လိုအပ်ပါက ပြုပြင်ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကို ရေအသုံးပြုသူများက ကျခံရမည်။

( ခ) ခရိုင်ဆည်မြောင်းအရာရှိသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၈၊ ၁၉ နှင့် ၂၀ တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၁ ကို အပိုဒ် ၁၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၀ အရဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၂ ကို အပိုဒ် ၁၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လယ်ကြားမြောင်း သို့မဟုတ် မြေနှင့် အကျိုးသက်ဆိုင်သူသည်ဆိုသည့် စကားရပ်ကိုပုဒ်မ ၁၇ အရ လယ်ကြားမြောင်း သို့မဟုတ် မြေနှင့် အကျိုးသက်ဆိုင် သူသည်ဟုလည်းကောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဆိုသည့် စကားရပ်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံဟု ပြင်ဆင်ပါသည်။

( - ) ဤဥပဒေတွင် ပါရှိသော ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဆိုသည့် စကားရပ်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံဟု အသီးသီး ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၂၃ ကို အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉ ။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၁၈ အရကန့်ကွက်တင်ပြချက်ကို ရရှိလျှင်-

(က) ခရိုင်ဆည်မြောင်း အရာရှိနှင့်အတူ လိုအပ်သော စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည်။

( ခ) စုံစမ်းစစ်ဆေး တွေ့ရှိချက်အရ ကန့်ကွက်တင်ပြချက်ကို လက်ခံ၍ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် ကန့်ကွက်တင်ပြချက်ကို ငြင်းပယ်ခြင်းပြုနိုင်သည်။

( ဂ) လျော်ကြေးပေးရန်ကိစ္စများ ပေါ်ပေါက်ပါက ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

( - ) အပိုဒ် ၂၄ ကို အပိုဒ် ၂၂ ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ သက်ဆိုင်သူကစကားရပ်ကို လယ်ကြားမြောင်း ဖောက်လုပ်သူ သို့မဟုတ် လွှဲပြောင်း ရယူသူကဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ ကို အပိုဒ် ၂၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လယ်ကြားမြောင်း ထိန်းသိမ်းပြုပြင်မှုမရှိသူ ဆိုသည့်စကားရပ်ကို လယ်ကြားမြောင်း ပြုပြင်ထိန်းသိမ်းမှုမရှိသူဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၇ ကို အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ လယ်ကြားမြောင်းအသုံးပြုသူတို့သည် လယ်ကြားမြောင်း အများအပြားဘေးချင်း ယှဉ်ရှိခြင်း၊ အလျားရှည်စွာစီးဆင်းလျှက်ရှိခြင်းနှင့် နီးကပ်လွန်းခြင်းတို့ကြောင့် နုန်းစွန့်ရန် နေရာလပ်မရှိခြင်းနှင့် ကုန်ကျငွေများသော အခြေအနေဖြစ်ပေါ်လျှင် ခရိုင်ဆည်မြောင်းအရာရှိထံ တင်ပြနိုင် သည်။ ခရိုင်ဆည်မြောင်းအရာရှိသည် အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည့် စိစစ်မှုများပြုလုပ်ပြီး လယ်ကြားမြောင်းများ ပူးတွဲခြင်း သို့မဟုတ် အစားထိုး ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည်။

**မူကြမ်း**

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၈ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း (၄) ကို အခန်း (၆) အဖြစ် ပြင်ဆင်ပြီး ခေါင်းစဉ်ကို ရေပေးဝေမှု ရပ်ဆိုင်းခြင်းဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၉ ကို အပိုဒ် ၂၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၆။ ခရိုင်ဆည်မြောင်းအရာရှိသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ဆည်မြောင်းမှရေပေးဝေမှုကို ကြိုတင်အသိပေး၍ ရပ်ဆိုင်းနိုင်သည် -

(က) ဝန်ကြီးဌာန၏ညွှန်ကြားချက်အရရေပေးဝေမှုကို ရပ်ဆိုင်းရန် လိုအပ်ခြင်း၊

( ခ) လယ်ကြားမြောင်း ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ဆည်မြောင်းရေများ အကျိုးမဲ့စီးထွက်ခြင်းနှင့် ဆည်ရေဆုံးရှုံးခြင်းမှ ကာကွယ်ရန် လိုအပ်ခြင်း၊

( ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိက ရပ်ဆိုင်းရန် ညွှန်ကြားခြင်း။

( - ) အပိုဒ် ၃၀ ကို အပိုဒ် ၂၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၇။ ပုဒ်မ ၂၆ ပါအကြောင်းတစ်ရပ်ရပ်ကြောင့် သော်လည်းကောင်း၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့် သော်လည်းကောင်း၊ ရေပေးဝေမှု ရပ်ဆိုင်းခြင်း ခံရသည့်အတွက် ဆုံးရှုံးမှုအပေါ် ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ပေးလျော်ရန် တာဝန်မရှိစေရ။ သို့ရာတွင် ဆည်မြောင်းရေ အသုံးပြုခြင်းအတွက် ဦးစီးဌာနသည် ရေခွန်ပေးဆောင်ခြင်းကို သတ် မှတ်ချက်နှင့်အညီ ကင်းလွတ်ခွင့် ပြုနိုင်သည်။

**မူကြမ်း**

( - ) အခန်း (၅) ကို အခန်း (၇)အဖြစ်ပြင်ဆင်ပြီး ခေါင်းစဉ်ကိုဆည်မြောင်းရေ သုံးစွဲသူများ၏ အခွင့်အရေးနှင့် တာဝန်များဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၅) အပိုဒ် ၃၁ ကို အခန်း (၇) အပိုဒ် ၂၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၈။ ဆည်မြောင်းတစ်ခုမှ ပေးဝေသည့်ရေသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံတစ်သီးစာအတွက် ပေးဝေခြင်းဖြစ်လျှင် ထိုသီးနှံရင့်မှည့်ချိန်အထိ အသုံးပြုနိုင်သည်။ တစ်နှစ်အတွင်း တစ်သီးစာထက်ပို၍ သီးထပ်စိုက်ပျိုးခြင်းအတွက် ရေပေးဝေခြင်းဖြစ်လျှင် ထိုသီးနှံများ ရင့်မှည့်ချိန်အထိ သုံးစွဲနိုင်သည်။

( - ) အပိုဒ် ၃၂ ကို အပိုဒ် ၂၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉။ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းမှရေကို ခွင့်မပြုသော နည်းလမ်းဖြင့် သွင်းယူ သုံးစွဲပြီး သီးနှံဖွံ့ဖြိုးအောင်မြင်ပါက သုံးစွဲသူသည် ကျသင့်သည့် ရေခွန်ကို ပေးဆောင်ရမည်။ အဆိုပါရေခွန်ကို တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ပေးဆောင်နိုင်သည်။

( - ) အပိုဒ် ၃၃ ကို အပိုဒ် ၃၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လယ်ကြားမြောင်းအသုံးအသုံးပြုသူတို့သည် ဆိုသည့်စကားရပ်ကို ဆည်မြောင်းရေ သုံးစွဲသူသည်ဟု ပြင်ဆင်ပါသည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၄ နှင့် အပိုဒ် ၃၅ တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၁ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၃၁။ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းမှ ရေကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရန် တောင်သူများ စိုက်ပျိုးရေ ရယူသုံးစွဲရေး အဖွဲ့ကို ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးရမည်။ ယင်းအဖွဲ့သည် ပေးဝေသော ရေပမာဏကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲရန်နှင့် ရေဖြန့်ဝေ စနစ်ကို ပြုပြင်ထိန်းသိမ်းရမည်။

**မူကြမ်း**

( - ) အခန်း (၆) ကို အခန်း (၈) အဖြစ် ပြင်ဆင်ပြီး ခေါင်းစဉ်ကို ကျေးရွာဆည်မြောင်းနှင့် ကျေးရွာရေနုတ်မြောင်း လုပ်ငန်းများဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၆) အပိုဒ် ၃၆ ကို အခန်း (၈) အပိုဒ် ၃၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၂။ ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အလိုက် တည်ရှိနေသော ကျေးရွာဆည်မြောင်း သို့မဟုတ် ကျေးရွာရေနုတ်မြောင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ပြည့်စုံစွာ စာရင်းပြုစုပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အတည်ပြု ချက်ဖြင့် သတ်မှတ်နည်းလမ်းအတိုင်း ထုတ်ပြန်ကြေညာရမည်-

(က) ဆည်မြောင်း၊ ရေနုတ်မြောင်း၊ တာတမံများ၊ ရေမြောင်း၊ ရေလွှဲ ဆည်၊ ရေတံခါးနှင့် ယင်းတို့နှင့်ဆက်စပ်သော လုပ်ငန်းများ၏ တည်နေရာနှင့် အမျိုးအမည်၊

( ခ) ပုဒ်မခွဲ (က) ပါလုပ်ငန်းများမှ အကျိုးခံစားခွင့်ရသည့် လယ်ယာမြေများနှင့် ယင်းမြေများပေါ်တွင် ကောက်ခံရရှိနိုင်သော ရေခွန် ရှိလျှင် ၎င်းရေခွန်စာရင်း၊

( ဂ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများကို အထောက် အကူပြုသည့် တာတမံများ၊ ရေမြောင်းများ၊ ရေလွှဲဆည်များ၊ ရေတံခါးများနှင့် အခြားလုပ်ငန်းများကို ထိရောက်စွာပြုပြင်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် ရန်ပုံငွေ လိုအပ်ချက်များနှင့် ရန်ပုံငွေ ရရှိရေး ဆောင်ရွက်ရန် နည်းလမ်းများ။

( - ) အခန်း (၇) ကို အခန်း(၉) အဖြစ် ပြင်ဆင်ပြီး ခေါင်းစဉ်ကို ရေနုတ်မြောင်း အဖြစ် ကြေညာခြင်း၊ ပိတ်ဆို့မှုကို ဖယ်ရှားခြင်းနှင့် လျော်ကြေးဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၇) အပိုဒ် ၃၇ ကို အခန်း (၉) အပိုဒ် ၃၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၃၃။ ဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေ မြောင်း တစ်ခုခုတွင် ရေစီးရေလာ တားဆီးပိတ်ဆို့နေခြင်းကြောင့် အများပြည်သူ အကျိုးကို ထိခိုက်နစ်နာနိုင်သည်ဟု ယူဆလျှင် ဤဥပဒေအလို့ငှာ ယင်း၏ မည်သည့်အစိတ်အပိုင်းသည် ရေနုတ်မြောင်းဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်၍ တားဆီးပိတ်ဆို့နေခြင်းအား ဖယ်ရှားနိုင်ရန် သက်ဆိုင်ရာသို့ ညွှန်ကြားရမည်။

( - ) အပိုဒ် ၃၈ ကို အပိုဒ် ၃၄ အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၃၄ အပိုဒ်ခွဲ (က) ခြေဆင်းရှိ ပုဒ်မ ၃၇ အရ ဆိုသည့်စကားရပ်ကို ပုဒ်မ ၃၃ အရ ဟုလည်းကောင်း အောက်ပါအမိန့် တစ်ရပ်ရပ် ထုတ်ပြန်နိုင်သည်- ဆိုသည့်စကားရပ်ကို အောက်ပါကိစ္စတစ်ရပ်ရပ် ဆောင်ရွက်ရန် အမိန့် ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၈ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) ကို အပိုဒ် ၃၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲငယ်ရှိ အမိန့်တွင် ဖော်ပြဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၃၈ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၃၄ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ကုန်ကျသည့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပြီး ကောက်ခံနိုင်သည်ဆိုသည့်စကားရပ်ကို တောင်းခံနိုင်သည်ဟုပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၉ ကို အပိုဒ် ၃၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅။ ပုဒ်မ ၃၄ အရ ထုတ်ပြန်သည့် အမိန့်ကို လိုက်နာလျက် တားဆီးပိတ်ဆို့နေသည့်အရာကို ဖယ်ရှားခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ လျော်ကြေးတောင်းဆိုလိုသူသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ သတ်မှတ် ကာလအတွင်း တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် လျော်ကြေးတောင်းဆိုမှုအတွက် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၀ ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

( - ) အခန်း (၁၀) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

အခန်း(၁၀)

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအတွက်

ဆည်မြောင်းအရာရှိ၏ တာဝန်များ

၃၆။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသော ဆည်မြောင်းအရာရှိ သည် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်း များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်--

(က) မိုးခေါင်မှုဘေးဒဏ်ကျရောက်ပါက ရေလှောင်တမံ၊ ရေလွှဲဆည်များ ဝင်ရေလျော့နည်းပြီး ရေလှောင်ပမာဏ ကျဆင်းလာနိုင်သဖြင့် စိုက်ပျိုးရေနှင့်သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေး ချွေတာသုံးစွဲရန် ပြည်သူလူထုသို့ အသိပညာပေးခြင်း၊

( ခ) ဆည်ရေ ဆုံးရှုံးမှု နည်းပါးနိုင်ရေးအတွက် ရေပေးမြောင်း များ၊ လယ်ကြားမြောင်းများကို ကြိုတင်ပြုပြင်တူးဖော်ခြင်း၊

( ဂ) ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေပေးမြောင်းများအတွက် အရေးပေါ်ကာကွယ်ရေး လုပ်ငန်းများတွင် သုံးစွဲရသည့် ပစ္စည်းများကို ကြိုတင်စုဆောင်းထားခြင်း၊

(ဃ) ဆည်၊ ကန်၊ ရေလှောင်တမံများ ကြံ့ခိုင်မှုရှိစေရန် ထူး ပေါက်များ၊ ရေစိမ့်ယိုမှုများ စစ်ဆေးခြင်း၊ ရေစီးကြောင်း များ၊ ခြုံနွယ်များမရှိစေရေး ကွပ်ကဲဆောင်ရွက်ခြင်း၊

( င) ရေလှောင်တမံကြီးများအတွက် သင့်လျော်သော ရေလွှတ် ခြင်း၊ ရေလွှဲခြင်း၊ ရေပိတ်ထားခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊

**မူကြမ်း**

(စ) သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး စီမံချက်များ ရေးဆွဲထားရှိခြင်း ၊

(ဆ) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် စပ်လျဉ်း၍ အရေးပေါ် ကြိုတင်ပြင်ဆင်ခြင်းနှင့်တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ လက်တွေ့ ဆောင်ရွက်ရန် ခရိုင်၊ မြို့နယ် အတွင်းရှိ ဝန်ထမ်းများနှင့် သက်ဆိုင်သည့် ရပ်ကွက်၊ ကျေးရွာပြည်သူများအား စွမ်းဆောင်ရည် မြင့်မားရေး အတွက်သင်တန်းများဖွင့်လှစ်ပို့ချ ဆောင်ရွက်ခြင်း၊

(ဇ) ရေဘေးအန္တရာယ်ကျရောက်နိုင်သော ရေလှောင်တမံ၊ ရေလွှဲ ဆည်များတွင် ရေကင်းစောင့်အဖွဲ့ များဖွဲ့စည်း၍တာဝန် ချထားခြင်း၊ အချိန်ပြည့် ဆက်သွယ်နိုင်သော ဆက်သွယ် ရေးစနစ်ထားရှိခြင်း၊ အထူးကိစ္စအနေဖြင့် အချိန်နှင့် တစ်ပြေးညီ သတင်းပို့ခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ဘေး အန္တရာယ်မလွတ်ကင်းနိုင်သော အနီးပတ်ဝန်းကျင်ဒေသရှိ ပြည်သူများကို အချိန်နှင့်တပြေးညီ ကြိုတင်အသိပေး နိုင်ရန်အတွက် ကြိုတင်သတိပေးခြင်း အစီအမံများ ဆောင်ရွက်ထားရှိခြင်း၊

(ည) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လိုအပ်သော အရေးပေါ် ပစ္စည်းများနှင့် လုပ်အားများရရှိရန် သက် ဆိုင်ရာ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်ခြင်း၊

**မူကြမ်း**

(ဍ) ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ထိခိုက်မှု ကို လျှော့နည်းစေရန်နှင့် လိုက်လျောညီထွေ ရှိစေမည့် သဘာဝဘေးအန္တရာယ် လျှော့ချသည့် နည်းလမ်းများကို ဆောင်ရွက်ခြင်း။

( - ) အခန်း (၈) ကို အခန်း (၁၁) အဖြစ် ပြင်ဆင်ပြီး ခေါင်းစဉ်ကို ဆည်မြောင်းနှင့် ရေနုတ်မြောင်းအရေးပေါ် လုပ်ငန်းများဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

( - ) အခန်း (၈) ကို အပိုဒ် ၄၁ ကို အခန်း (၁၁) အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၇။ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းတစ်ခုခု ကျိုးပေါက် ပျက်စီးမှု အန္တရာယ်ကျရောက်လျှင် သို့မဟုတ် အန္တရာယ်ကျရောက် နိုင်လျှင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက ခရိုင်အုပ်ချုပ်ရေးမှူးအား အောက်ပါတို့ကို ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ကျရောက်သည့် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို စုံစမ်းရန်၊

(ခ) အရေးပေါ်လုပ်သားစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြစေခြင်း။

( - ) အပိုဒ် ၄၂ ကို အပိုဒ် ၃၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၈။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၃၇ ၊ ပုဒ်မခွဲ (ခ) ပါ လုပ်သားစာရင်းကို ခရိုင်ဆည်မြောင်း အရာရှိထံ ပေးပို့ရမည်။

(ခ) ခရိုင်ဆည်မြောင်းအရာရှိသည် ပုဒ်မခွဲ (က) အရ လုပ်သားများ ရရှိရေးအတွက်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တောင်းခံရမည်။

**မူကြမ်း**

(ဂ) ပုဒ်မခွဲ (ခ)ပါ တာဝန်ပေးအပ်ခြင်းခံရသူများသည် မြို့နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်းဆောင်ရွက်ရမည်။

(ဃ)အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသောအတားအဆီးများကို ဖယ်ရှားခြင်းနှင့် အရေးပေါ်လုပ်ငန်း များ၌သုံးစွဲရန် လိုအပ်သည့် သစ်ပင်၊ ဝါးပင်၊ သစ်သား၊ ဖျာ၊ ဝါးထရံ၊ ကြိုး၊ မြေကြီး၊ အိတ်နှင့် အခြားပစ္စည်းများ၊ သယ်ယူရန် ယာဉ်တို့ကို နီးကပ်ရာဒေသများမှ ရယူအသုံးပြု ရမည်။

( - ) အပိုဒ် ၄၃ ကို အပိုဒ် ၃၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၉။ (က) အရေးပေါ်လုပ်သားများအတွက်လည်းကောင်း၊ ပစ္စည်းကိရိယာ များရယူသုံးစွဲခြင်းနှင့် သယ်ယူခြင်းအတွက် လည်းကောင်း၊ ပစ္စည်းများဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း ကျခံရန် လိုအပ်သည့် ကုန်ကျစရိတ်များကို ခရိုင် ဆည်မြောင်းအရာရှိက ဒေသအလိုက် အမြင့်ဆုံးဈေးနှုန်းဖြင့် သက်ဆိုင်သူများထံ ဆောလျင်စွာ ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသည့် ငွေပမာဏနှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ရက်ပေါင်း ၃၀ အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး ထံ တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ငွေပမာဏနှင့် စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်နိုင်သည်။

(ဂ) ခရိုင်အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

( - ) အခန်း (၉) ကို အခန်း (၁၂) အဖြစ် ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အခန်း (၉) အပိုဒ် ၄၄ ကို အခန်း (၁၂) အပိုဒ် ၄၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လယ်ကြားမြောင်းတစ်ခုကို ဆိုသည့်စကားရပ်ကို လယ်ကြားမြောင်းကို ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၅ ကို အပိုဒ် ၄၁ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ မည်သူမျှ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းရေပေးဝေမှု သို့မဟုတ် ယင်းတို့မှပုံမှန်ရေစီးဆင်းမှုကို နှောင့်ယှက်ခြင်း၊ ပိုမိုများပြားအောင် ပြုလုပ်ခြင်း သို့မဟုတ် ယုတ်လျော့အောင် ပြုလုပ်ခြင်းမပြုရ။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၆ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၄၇ ကို အပိုဒ် ၄၂ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၂။ မည်သူမျှ လယ်ကြားမြောင်းမှရေများကို အကျိုးမဲ့ဖြစ်စေခြင်း၊ ရေပေးဝေမှုကို နှောင့်ယှက်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရရှိသည့် နည်း လမ်းဖြင့် ရေကို အသုံးပြုခြင်း မပြုရ။

( - ) အပိုဒ် ၄၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၄၃။ မည်သူမျှ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းအတွင်းသို့ဆင်း၍ ရေချိုးခြင်း၊ ပစ္စည်းတစ်ခုခုကို လျှော်ဖွပ်ဆေးကြောခြင်း၊ နည်းမျိုးစုံအသုံးပြု၍ ငါး၊ ပုစွန်ဖမ်းခြင်း၊ ရေကို ညစ်ညမ်းစေခြင်း သို့မဟုတ် တိရစ္ဆာန်များကို ရေတိုက်ခြင်းမပြုရ။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၈ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၄၉ ကို အပိုဒ် ၄၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းအတွင်းသို့ ရေယာဉ်ဖြင့် ဝင်ရောက်ခြင်း၊ သွားလာခြင်း သို့မဟုတ် ရပ်နားခြင်း မပြုရ။

( - ) အပိုဒ် ၄၅ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

**မူကြမ်း**

၄၅။ မည်သူမျှဆည်မြောင်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်းမပြုရ။

( - ) အပိုဒ် ၅၀ ကို အပိုဒ် ၄၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၆။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်း နယ်နိမိတ်တိုင်၊ ရေပြင်အနိမ့်အမြင့်တိုင်းမှတ်တိုင် သို့မဟုတ် ရေတိုင်းမှတ်တိုင် တစ်ခုခုကို ဖျက်ဆီးခြင်း သို့မဟုတ် ရွှေ့ပြောင်းဖယ်ရှားခြင်း မပြုရ။

( - ) အပိုဒ် ၅၁ ကို အပိုဒ် ၄၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၇။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်း၏ လုပ်ငန်းများ၊ ရေမြောင်းများကို ဖြတ်သန်းခြင်း၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရေယာဉ်များ မောင်းနှင်ခြင်းမပြုရ။

( - ) အပိုဒ် ၄၈ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၄၈။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်း နယ်နိမိတ် သို့မဟုတ် မြောင်းပေါင်များပေါ်တွင် ယာဉ်များ ဖြတ်သန်း မောင်းနှင်ခြင်းမပြုရ၊ စက်ယန္တရားတစ်စုံတစ်ရာ တပ်ဆင်အသုံးပြုခြင်း မပြုရ။

( - ) အပိုဒ် ၅၂ ကို အပိုဒ် ၄၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ တူးမြောင်းပေါင်များပေါ်တွင် ဆိုသည့်စကားရပ်ကို မြောင်းပေါင်ပေါ်တွင် ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၅၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၅၀။ ဆည်မြောင်းပေါ်တွင် ရေတိုက်စားမှု ကာကွယ်ရန် ဦးစီးဌာနက ထိန်းသိမ်းထားသော မြက်ပင်၊ ကိုင်းပင်နှင့် အကာအကွယ်ပစ္စည်းတို့ကို ဖျက်ဆီးခြင်းမပြုရ။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၃ ကို ပယ်ဖျက်ပါသည်။

( - ) အခန်း (၁၀) ကို အခန်း (၁၃) အဖြစ် ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အခန်း (၁၀) အပိုဒ် ၅၄ ကို အခန်း (၁၃) အပိုဒ် ၅၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၁။ မည်သူမဆို ပုဒ်မ ၄၀၊ ၄၁၊ ၄၄၊ ၄၅ နှင့် ၄၆ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အပိုဒ် ၅၅ ကို အပိုဒ် ၅၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၂။ မည်သူမဆို ပုဒ်မ ၄၂၊ ၄၃၊ ၄၇၊ ၄၈၊ ၄၉ နှင့် ၅၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံးကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( - ) အခန်း (၁၁) ကို အခန်း (၁၄) အဖြစ် ပြင်ဆင်ပါသည်။

( - ) အခန်း (၁၁) အပိုဒ် ၅၆ ကို အခန်း (၁၄) အပိုဒ် ၅၄ အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၅၄။ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ)တွင် ဖော်ပြထားသော တာဝန်ပေးအပ်ခြင်းခံရသူတိုင်းသည် ရာဇသတ်ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

( - ) အပိုဒ် ၅၇ ကို အပိုဒ် ၅၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၃။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၈ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၅၅ နှင့် အပိုဒ် ၅၆ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည်-

**မူကြမ်း**

၅၅။ ရေကို ခွင့်မပြုသောနည်းလမ်းဖြင့် သုံးစွဲမှုနှင့် ရေဆုံးရှုံးမှုတို့ အတွက် တာဝန်ရှိသူကို တရားစွဲဆိုနိုင်သည့်အပြင် ပုံမှန်ကောက်ခံသော ရေခွန်လည်း စည်းကြပ်ကောက်ခံနိုင်သည်။

၅၆။ The Canal Act (Burma Act II, 1905) အရ ထုတ်ပြန်ထားသည့်နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

( - ) အပိုဒ် ၅၉ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၅၇ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၇။(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၀ ကို ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ တူးမြောင်းဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၄-၅-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**မှုကြမ်း**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။

**မှူကြမ်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ (၂၂.၅.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုဝန်ကြီး


ဦးသောင်းအေး (ပျော်ဘွယ် မဲဆန္ဒနယ်)


ဦးတိုးအောင် (မိုးမိတ် မဲဆန္ဒနယ်)


ဦးသိန်းတန် (လှည်းကူး မဲဆန္ဒနယ်)


ဒေါ်သန္တာ (အိမ်မဲ မဲဆန္ဒနယ်)


ဦးဌေးမင်းသိန်း (ကြို့ပင်ကောက် မဲဆန္ဒနယ်)


ဦးလှကျော် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်